# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၈ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၅**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက် )

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄)ဖြင့် ဖွဲ့စည်းခဲ့သော **"ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးဆပ်ကော်မတီများ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(၁) **ဒီဇိုင်းနည်းပညာဆပ်ကော်မတီ**

(က) ဒေါက်တာလှမြင့် — အဖွဲ့ခေါင်းဆောင်
ကျွမ်းကျင်သူ
ကျန်းမာရေးဝန်ကြီးဌာန

(ခ) ဒေါက်တာအေးကိုကို — အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(ဂ) ဒေါ်ပြုံးပြုံးခိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) ဦးဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(င) ဦးစောဝင်းမောင် — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာချုပ်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

(စ) ဦးစောထွေးဇော် — အဖွဲ့ဝင်
လုပ်ငန်းကော်မတီဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဆ) ဒေါ်နီလာကျော် — အဖွဲ့ဝင်
ဗိသုကာပညာရှင်

(ဇ) ဒေါက်တာခင်ဝင်းသက် — အဖွဲ့ဝင်
ကျွမ်းကျင်သူ
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ဒေါက်တာသီတာလှ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ကုသရေး)
ကုသရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူး (ဘွဲ့ကြို) — အဖွဲ့ဝင်
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန

(၂) **တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုဆပ်ကော်မတီ**

(က) ဒေါက်တာမြင့်သိန်း — အဖွဲ့ခေါင်းဆောင်
ဝန်ကြီး
လူမှုရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဦးသန့်ဇင် — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာချုပ်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

(ဂ) ဒေါက်တာလှမြင့် — အဖွဲ့ဝင်
ကျွမ်းကျင်သူ
ကျန်းမာရေးဝန်ကြီးဌာန

(ဃ) ဒေါက်တာအေးကိုကို — အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(င) ဦးရဲမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
ရေသန့်ဌာနခွဲ
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(စ) ဦးကြည်လှိုင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လျှပ်စစ်ဌာနခွဲ
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဆ) ဒေါ်စီသန်း — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဇ) ဒေါ်နီလာကျော် — အဖွဲ့ဝင်
ဗိသုကာပညာရှင်

(ဈ) ဒေါ်ခင်စုရီ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ညွှန်ကြားရေးမှူးရုံး
ရန်ကုန်တိုင်းဒေသကြီး
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ည) ဦးဇော်မင်းဦး — အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(၃) **ပြုပြင်ဆဲကာလစီမံခန့်ခွဲရေးဆပ်ကော်မတီ**

(က) ပါမောက္ခဒေါက်တာမြင့်ဟန် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

(ခ) ပါမောက္ခဒေါက်တာနွဲ့နွဲ့ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်
ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန

(ဂ) ဒေါက်တာဇော်ဝေစိုး — အဖွဲ့ဝင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဃ) ဒေါက်တာလှမြင့် — အဖွဲ့ဝင်
ကျွမ်းကျင်သူ
ကျန်းမာရေးဝန်ကြီးဌာန

(င) ဒေါက်တာအေးကိုကို — အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(စ) ဒေါက်တာဇော်လင်းအောင် — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ဆေးပညာ)
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဆ) ဒေါက်တာထွန်းဦး — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ခွဲစိတ်)
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဇ) လူနာဆောင် တာဝန်ခံဆရာဝန်ကြီးများ — အဖွဲ့ဝင်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(၄) **ဘဏ္ဍာငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ**

(က) ဒုတိယဝန်ကြီး — အဖွဲ့ခေါင်းဆောင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဦးမြင့်အောင် အဖွဲ့ဝင်
တိုင်းဒေသကြီးစာရင်းစစ်ချုပ်
ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

(ဂ) ပါမောက္ခဒေါက်တာမြင့်ဟန် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

(ဃ) ဒေါက်တာလှမြင့် အဖွဲ့ဝင်
ကျွမ်းကျင်သူ
ကျန်းမာရေးဝန်ကြီးဌာန

(င) ဒေါက်တာအေးကိုကို အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(စ) ဦးဝင်းဦး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကုသရေးဦးစီးဌာန

(ဆ) ဒေါ်သက်သက်မော် အဖွဲ့ဝင်
ဌာနခွဲမှူး (အုပ်ချုပ်ရေး)
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၅

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးခင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်တင့်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အထည်အလိပ်လုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (ဂ) | ဦးသန့်စင်<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဃ) | ဦးညွန့်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (င) | ဦးလှမော်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းဆွေထွန်း | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) | ဦးတင့်သွင် | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့**
**(Task Force) ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၄) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ (Task Force) တွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍတိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌတာဝန်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး **အစား** ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ပြောင်းလဲတာဝန် ပေးအပ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် )

**မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ
# ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။ )

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မသန်စွမ်းသူ**ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည်။

(ခ) **မသန်စွမ်းမှု**ဆိုသည်မှာ ပတ်ဝန်းကျင်ရပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်းအပြည့်အဝပါဝင်လှုပ်ရှားနိုင်မှုမရှိခြင်းကို ဆိုသည်။

(ဂ) **မသန်စွမ်းသူများ၏ အခွင့်အရေး**ဆိုသည်မှာ ဤဥပဒေ၌ပါရှိသော မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို ဆိုသည်။

(ဃ) **ပြန်လည်ထူထောင်ရေး**ဆိုသည်မှာ မသန်စွမ်းသူများသည် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခွင့်ရရှိနိုင်ရေးအတွက် စွမ်းဆောင်ရည်များ အပြည့်အဝပြန်လည်ရရှိရန် ဆေးပညာ၊ ပညာရေး၊ လူမှုရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးခြင်းကို ဆိုသည်။

(င) **ခွဲခြားဆက်ဆံမှု**ဆိုသည်မှာ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့်အခြားနယ်ပယ်အသီးသီးတွင် အခြားသူများနည်းတူ အသိအမှတ်ပြုရေးနှင့်သာတူညီမျှရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင်ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဘေးဖယ်ချန်လှပ်ထားခြင်းနှင့်ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကို ဆိုသည်။

(စ) **ဆက်သွယ်ခြင်း**ဆိုသည်မှာ ဘာသာစကားဖြင့် ဆက်သွယ်ခြင်း၊ စာဖြင့်ရေးသားဆက်သွယ်ခြင်း၊ အကူစာဖတ်သူက ဖတ်ပြခြင်း၊ အထိအတွေ့ဖြင့် ဆက်သွယ်ခြင်း၊ ကိုယ်ဟန်အမူအရာပြသခြင်း၊ သင်္ကေတများပြသခြင်း၊ အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ခြင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး နားလည်နိုင်သည့် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆက်သွယ်ခြင်းကို ဆိုသည်။

(ဆ) **ဘာသာစကား**ဆိုရာတွင် နှုတ်ဖြင့်ပြောသောဘာသာစကား၊ လက်သင်္ကေတပြဘာသာစကားနှင့် အခြားသော နှုတ်ထွက်ဘာသာစကားမဟုတ်သည့် ဘာသာစကားပုံစံတို့ ပါဝင်သည်။

(ဇ) **အလုပ်ရှင်**ဆိုသည်မှာ ဤဥပဒေအရ မသန်စွမ်းသူများကို သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အတိုင်း အလုပ်ခန့်ထားရန် တာဝန်ရှိသော အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်က တာဝန်ပေးသည့် စီမံခန့်ခွဲသူကို ဆိုသည်။

(ဈ) **မသန်စွမ်းသူများအသင်းအဖွဲ့**ဆိုသည်မှာ မသန်စွမ်းမှု အမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှု အမျိုးအစားများစုပေါင်း၍ဖြစ်စေ ၎င်းတို့ကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းထားသော အသင်းအဖွဲ့ တစ်ခုခုကို ဆိုသည်။

(ည) **မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်**ဆိုသည်မှာ မသန်စွမ်းသူအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူအသင်းအဖွဲ့များမှ အဖွဲ့ဝင်မဟုတ်သည့် မသန်စွမ်းသူ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသောအသင်းချုပ်ကို ဆိုသည်။

(ဋ) **မသန်စွမ်းသူများအတွက် ဆောင်ရွက်သောအဖွဲ့အစည်း**ဆိုသည်မှာ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများအတွက် ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ဌ) **ပုဂ္ဂလိကပညာသင်အထူးကျောင်း**ဆိုသည်မှာ မသန်စွမ်းသူများ၏ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပညာသင်ကြားပို့ချသည့် ပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းနှင့် စေတနာ့ ဝန်ထမ်းပရဟိတပိုင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ သို့မဟုတ် အခြေခံပညာကျောင်း များကို ဆိုသည်။

(ဍ) **ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်း**ဆိုသည်မှာ မသန်စွမ်းသူများကို အသက် မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခု လုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်ကြားပေးသည့် ပုဂ္ဂလိက၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်း ပရဟိတပိုင်သင်တန်း သို့မဟုတ် ကျောင်းတစ်ခုခုကို ဆိုသည်။

(ဎ) **ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာန**ဆိုသည်မှာ မသန်စွမ်းသူများကို ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစု ပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ဝန်ဆောင်မှုဆောင်ရွက်ပေးသော ပုဂ္ဂလိကပိုင် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းပိုင် သို့မဟုတ် စေတနာ့ဝန်ထမ်းပရဟိတပိုင် ပြန်လည် ထူထောင်ရေးဌာနနှင့် ကျောင်းတစ်ခုခုကို ဆိုသည်။

(ဏ) **ပိုင်ရှင်**ဆိုသည်မှာ ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကတည်ထောင်ဖွင့်လှစ်ထားသော ပုဂ္ဂလိကပညာသင်အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်းနှင့်ပုဂ္ဂလိကပြန်လည် ထူထောင်ရေးဌာနတစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် ထိုပိုင်ရှင်က တာဝန်ပေးသည့်စီမံခန့်ခွဲသူကို ဆိုသည်။

(တ) **ရန်ပုံငွေ**ဆိုသည်မှာ မသန်စွမ်းသူများ၏ ဘဝမြင့်တင်ရေး၊ လိုအပ်သော အထောက်အကူပြု ပစ္စည်းကိရိယာများ ခွဲဝေဖြည့်ဆည်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ ပြန်လည် ထူထောင်ရေးနှင့် အခြားသောအခွင့်အရေးများအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ထူထောင်သော မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာရန်ပုံငွေကို ဆိုသည်။

(ထ) **ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မသန်စွမ်းသူများ၏ အခွင့် အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(န) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားကော်မတီက ဖွဲ့စည်းပေးထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် မသန်စွမ်းသူများ အခွင့်အရေး များဆိုင်ရာ ကော်မတီကို ဆိုသည်။

(ပ) **ဦးစီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်းဦးစီးဌာနကို ဆိုသည်။

(ဖ) **မှတ်ပုံတင်အရာရှိချုပ်**ဆိုသည်မှာ မသန်စွမ်းသူများကို မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကို မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များအား ကြီးကြပ်ဆောင်ရွက်ရန် အမျိုးသားကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဗ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဝန်ကြီးဌာနက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တာဝန်ပေးထားသည့် ဦးစီးဌာနမှအရာရှိကို ဆိုသည်။

(ဘ) **မှတ်ပုံတင်ကြီးကြပ်ရေးမှူး**ဆိုသည်မှာ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို တာဝန်အရဖြစ်စေ၊ စေတနာ့ဝန်ထမ်းအဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနမှဝန်ထမ်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးတာဝန်ပေးအပ်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းမှဝန်ထမ်း သို့မဟုတ် အစိုးရဝန်ထမ်းမဟုတ်သည့် သင့်လျော်သော နိုင်ငံသားတစ်ဦးဦးကိုသော်လည်းကောင်း ဆိုသည်။

(မ) **မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့**ဆိုသည်မှာ မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်အလိုက် မသန်စွမ်းသူများ၏အခွင့်အရေးများကိုခံစားခွင့်ပေးနိုင်ရေးအတွက် မသန်စွမ်းသူကို စစ်ဆေးအကဲဖြတ်ပြီးအဆင့်သတ်မှတ်နိုင်ရန်အလို့ငှာ ဤဥပဒေအရကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမို၍ ကြည့်ရှုစောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံး တန်းတူညီမျှ အပြည့်အဝရရှိစေရန်၊

(ဃ) နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့်တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရန်၊

(င) မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊

(စ) မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရန်၊

(ဆ) မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများလျော့နည်း ပပျောက်စေရန်နှင့် ထိုသို့ခွဲခြားဆက်ဆံမှုများမပြုစေရေးအတွက် ဥပဒေအရ ကာကွယ်ပေးရန်၊

(ဇ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်းအကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူ အမျိုးသမီးနှင့် ကလေးများကို အထူးကာကွယ်ပေးရန်၊

(ဈ) မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှု တစ်ခုထက်ပို၍ ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းမှု အမျိုးအစားအလိုက် နိုင်ငံတော်က အထူးစောင့်ရှောက်ကူညီပေးနိုင်ရန်။

## အခန်း (၃)
## မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ရန် ၆၀ ဦး ထက် မပိုသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၆) | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) | မသန်စွမ်းမှုအမျိုးအစားအလိုက် ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၈) | အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း ခံရသောကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၉) | စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၁၀) | ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၁) | အတွင်းရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) အမျိုးသားကော်မတီ အဖွဲ့ဝင်များတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ ရာထူးအလျောက် တာဝန်ထမ်းဆောင်ရသော ပုဂ္ဂိုလ်များမှ အပ ကျန်အမျိုးသားကော်မတီ အဖွဲ့ဝင်များ၏ သက်တမ်းကို သတ်မှတ်နိုင်သည်။

၅။ အမျိုးသားကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခြင်းခံနိုင်ခွင့်တို့ ရှိစေရမည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်များသည် ဤဥပဒေအရ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်နေ့ရက်များအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားပိုင်ခွင့်ရှိသည်။

၇။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ဘဝ တိုးတက်မြင့်မားလာစေရေးနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်

ဖော်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် မူဝါဒနှင့် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်ထားသော မူဝါဒနှင့်လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ စည်ပင် သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှု ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေသည့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ သယ်ယူ ပို့ဆောင်ရေးအဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့ အစည်းများ၊ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာ ကြီးကြပ်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီအဆင့်ဆင့် ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်း တာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) မသန်စွမ်းသူများကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ၊ လုပ်ငန်းဌာနများက ဖြစ်စေ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်းတို့မှ အကာအကွယ်ပေးနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးနှင့် နည်းပညာအရင်းအမြစ်များ ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ အသင်းအဖွဲ့များ၊ ကျောင်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် မသန်စွမ်းသူများ၏ ဝန်ဆောင်မှု လုပ်ငန်းများကို စာရင်းစစ်တမ်းကောက်ယူခြင်း၊

(ဆ) မသန်စွမ်းသူများ အလွယ်တကူအသုံးပြုနိုင်သော ဝန်ဆောင်မှုများ၊ စနစ်များ၊ ပုံစံများ၊ နည်းပညာ များ၊ အထောက်အပံ့ပစ္စည်းများ၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်းနည်းပညာများကို သုတေသန ပြုခြင်းနှင့် တီထွင်ထုတ်လုပ်ခြင်း၊

(ဇ) နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားကိုလည်းကောင်း၊ မျက်မမြင်များအတွက် လက်စမ်းစာပေကိုလည်းကောင်း သတ်မှတ်ခြင်း၊

(ဈ) မသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းကိရိယာများ၊ လက်သင်္ကေတပြ ဘာသာစကား၊ စကားပြန်များ၊ ထောက်ပံ့ကူညီရေးနှင့် သင်ယူမှုအခွင့်အလမ်းဆိုင်ရာ နည်းပညာများ လေ့ကျင့် သင်ကြားပေးရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ည) မသန်စွမ်းသူများအတွက် ရုပ်မြင်သံကြား၊ သတင်းပြန်ကြားရေးအစီအစဉ်များစီစဉ်ဆောင်ရွက်ခြင်း၊

(ဋ) မသန်စွမ်းသူများအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝရရှိရန် စီမံဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊

(ဍ) မသန်စွမ်းသူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား ထိရောက်စွာ အကာအကွယ်ပေးရန် စီမံဆောင်ရွက်ခြင်း၊

(ဎ) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် လိုအပ်သော စီမံချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဏ) မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ခြင်း၊

(တ) ပြည်သူလူထုအတွင်း မသန်စွမ်းမှုဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ထ) မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ဆောင်ရွက်သော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကို ထောက်ပံ့ကူညီပေးခြင်း၊

(ဒ) မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၏ လုပ်ငန်းတာဝန်များကို ညှိနှိုင်းသတ်မှတ်ပေးခြင်း၊

(ဓ) မသန်စွမ်းသူများအသင်း ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောလမ်းညွှန်ချက်များချမှတ်ခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊

(န) ပုဂ္ဂလိက ပညာသင်အထူးကျောင်းများ၊ ပုဂ္ဂလိက အသက်မွေးမှုအထူးသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနများထူထောင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောလမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များ ချမှတ်ခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊

(ပ) ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဖ) မသန်စွမ်းသူများအတွက် ခွဲခြားဆက်ဆံမှုဖြစ်စေသည့် ဓလေ့ထုံးစံများနှင့် အလေ့အကျင့်များကို ပြုပြင်ရေး၊ ခွဲခြားဆက်ဆံမှုပြုရာရောက်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် မူဝါဒများကိုစိစစ်ပြီး လိုအပ်သလို ရုပ်သိမ်းနိုင်ရေး သို့မဟုတ် ပြင်ဆင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဗ) ကျန်းမာရေးအတွက် စမ်းသပ်စစ်ဆေးခနှင့် ကုသစရိတ်များ၊ လက်သင်္ကေတပြဘာသာစကား၊ စကားပြန်ဝန်ဆောင်စရိတ်၊ ပြည်တွင်းခရီးသွားရာတွင် အစိုးရနှင့်ပုဂ္ဂလိကပိုင်ရေယာဉ်ခ၊ လေယာဉ်ခ၊ ရထားခနှင့်ခရီးသည်တင်ကားခများကို သတ်မှတ်ချက်များနှင့်အညီ သက်သာခွင့်ရရှိရန်နှင့်မသန်စွမ်းသူကိုယ်တိုင်အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို အခမဲ့သယ်ယူခွင့်ရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဘ) အမျိုးသားကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုအပ်သော ရုံးအဖွဲ့ကို ဖွဲ့စည်း၍ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊

(မ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)

## မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေး

၈။ မသန်စွမ်းသူများသည် မွေးရာပါ အခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည်။

၉။ မသန်စွမ်းမှုကို အကြောင်းပြု၍ မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုတို့မရှိစေရ။

၁၀။ မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာစေသော အပြုအမူနှင့် လုပ်ဆောင်မှုများကို တားမြစ်သည်။

၁၁။ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသော မသန်စွမ်းသူများလိုအပ်သည့် အခြေခံစားဝတ်နေရေးအတွက် သတ်မှတ်ထားသော မသန်စွမ်းမှုအဆင့်အလိုက် နိုင်ငံတော်က ထောက်ပံ့ပေးရမည်။

၁၂။ မသန်စွမ်းသူများသည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှု အမျိုးအစားမခွဲခြားဘဲ အောက်ပါအတိုင်း အခွင့်အရေးများ ရရှိစေရမည် -

(က) ဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်၊

(ခ) အခြားသူများနှင့် ညီမျှသောအခွင့်အရေးများ ရှိစေရမည်၊

၁၃။ အမျိုးသားကော်မတီသည် အမွေဆက်ခံထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများအတွက် အစီအမံများ ချမှတ်၍ ကာကွယ်စောင့်ရှောက်ရမည်။

၁၄။ မသန်စွမ်းသူများသည် -

(က) ပညာသင်ကြားခွင့်၊ သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်ရှိသည်။

(ခ) မွေးရာပါ အသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့် အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများနည်းတူ ခံစားခွင့်ရှိသည်။

(ဂ) တရားဝင်ရရှိသော ငွေကြေးများ၊ ပစ္စည်းများနှင့် အိမ်ရာအဆောက်အအုံများကို ပိုင်ဆိုင်ခွင့်၊ ဆက်ခံခွင့်နှင့် ပြည်သူ့အိုးအိမ်စီမံကိန်းဖြင့် ဆောက်လုပ်သော အိမ်ရာများတွင် နေထိုင်ခွင့်ရှိသည်။

(ဃ) တရားစွဲဆိုခွင့်၊ တရားစွဲဆိုမှုကို ခုခံနိုင်ခွင့်နှင့် သက်သေအဖြစ် စစ်ဆေးခံနိုင်ခွင့်တို့ရရှိရေးအတွက် တရားရုံးတွင် မသန်စွမ်းဖြစ်မှုအလိုက် လိုအပ်ချက်များကို စီစဉ်ပေးရန် တောင်းဆိုခွင့်ရှိသည်။

(င) မိမိတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် ကျသင့်သော ရုံးခွန်ကင်းလွတ်ခွင့်ရှိသည်။

(စ) အကျဉ်းကျနေစဉ်အတွင်း မသန်စွမ်းမှုကို အကြောင်းပြု၍ နှိပ်စက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ အနိုင်ကျင့်ခြင်းများမှ အကာအကွယ်ရရှိပိုင်ခွင့်နှင့် မသန်စွမ်းမှုဆိုင်ရာဝန်ဆောင်မှုများ ရရှိပိုင်ခွင့်ရှိသည်။

၁၅။ သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စီးပွားရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် အစီအစဉ်များ ပါဝင်စေရမည်။

၁၆။ မသန်စွမ်းကလေးသူငယ်များသည် -

(က) မွေးရာပါ အသက်ရှင်သန်ခွင့်ရှိပြီး ကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့် အပါအဝင် အခြေခံလွတ်လပ်ခွင့်များကို အခြားသန်စွမ်းသူ ကလေးသူငယ်များ နည်းတူ ခံစားခွင့်ရှိသည်။

(ခ) ကလေးသူငယ် ဥပဒေပါ အခွင့်အရေးများအားလုံး သန်စွမ်းသူကလေးများနှင့် တန်းတူခံစားခွင့် ရှိသည်။

(ဂ) ကိုယ်တိုင်ဆုံးဖြတ် သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် တည်ဆဲဥပဒေနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက ကိုယ်စား စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ် ရထိုက်ခွင့်ရှိသည်။

၁၇။ မသန်စွမ်းအမျိုးသမီးများသည် -

(က) လူ့အဖွဲ့အစည်းတွင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် လူနေမှု အဆင့်အတန်း တိုးတက်မှုတို့အတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အခြား သန်စွမ်းသူ အမျိုးသမီးများနည်းတူ ခံစားခွင့်ရှိသည်။

(ခ) မသန်စွမ်းသူများအတွက် ရည်ရွယ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်း အမျိုးသားများနှင့် တန်းတူပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) အမျိုးသမီးများအတွက် ဦးတည်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်တိုင်းတွင် ပါဝင်ခွင့်နှင့် အကျိုး ခံစားခွင့်ရှိသည်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ် ရထိုက်ခွင့်ရှိသည်။

၁၈။ အမျိုးသားကော်မတီက ဤဥပဒေအရသတ်မှတ်ထားသော နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကားနှင့် မျက်မမြင်များအတွက် လက်စမ်းစာပေတို့ကို ကျွမ်းကျင်သူက အမှုအခင်းတစ်ရပ်ရပ်တွင် ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်တွင်ဖြစ်စေတင်ပြလာသောအခါ ၎င်းကျွမ်းကျင်သူ၏ တင်ပြချက်ကို သက်သေခံအဖြစ် လက်ခံရမည်။

၁၉။ ဉာဏ်ရည်မသန်စွမ်းမှုကြောင့် ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကို လည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုလည်းကောင်း မသိနိုင်သော သူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

## အခန်း (၅)
## မသန်စွမ်းသူများ၏ ပညာရေး

၂၀။ မသန်စွမ်းသူတိုင်းသည် -

(က) အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိသည်။

(ခ) အစိုးရပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင်ကျောင်းများ၊ သင်တန်းများ၊ သိပ္ပံများ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင်လည်းကောင်း၊ ပုဂ္ဂလိကပညာသင်ကျောင်းနှင့် ပုဂ္ဂလိက အသက်မွေးမှုသင်တန်းကျောင်းများတွင်လည်းကောင်း ပညာသင်ယူပိုင်ခွင့်ရှိသည်။

၂၁။ အမျိုးသားကော်မတီသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ မသန်စွမ်းသူများ အခြေခံပညာ အဆင့်မှ တက္ကသိုလ်ပညာအဆင့်အထိ သင်ယူရာတွင် သင်ရိုးညွှန်းတမ်းများ၊ နေရာထိုင်ခင်း၊ သွားလာ ဆက်သွယ်မှုဆိုင်ရာ အထောက်အပံ့များနှင့် သင်ထောက်ကူ ပစ္စည်းများရရှိရေးအတွက် အစီအစဉ်များ ချမှတ်ပေးရမည်။

၂၂။ အမျိုးသားကော်မတီသည် သန်စွမ်းသူများနှင့် ပေါင်းစည်းပညာသင်ကြားနိုင်သည့် လူတိုင်းအကျုံးဝင် ပညာရေးစနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေး များထည့်သွင်း သင်ကြားရန်လည်းကောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် သင်ကြားနည်း စနစ်များနှင့် တစ်ဦးကိုတစ်ဦး ဆက်သွယ်ခြင်းနည်းစနစ်များ သင်ယူနိုင်ရန်လည်းကောင်း ပညာရေး ဝန်ကြီးဌာနသို့ ညွှန်ကြားရမည်။

၂၃။ မသန်စွမ်းသူများက ကျောင်းဝင်ခွင့် လျှောက်ထားရာတွင် ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်မှတစ်ပါး မသန်စွမ်းမှုကိုအကြောင်းပြု၍ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ။

၂၄။ မသန်စွမ်း ကလေးသူငယ်တိုင်းသည် -

(က) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာသင်ယူမှုများ အပါအဝင် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရမည်။

(ခ) မိမိတို့နေထိုင်ရာ ရပ်ရွာ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခမဲ့ ပညာသင်ယူခွင့်ရှိသည့် အဆင့်အထိ အခြားသူများနည်းတူ သင်ယူခွင့်ရှိသည်။

၂၅။ ဝန်ကြီးဌာနသည် ကျောင်းပညာမသင်ယူနိုင်သော မသန်စွမ်းသူများအတွက် သီးသန့်ဖွင့်လှစ်သင်ကြား ပေးသော အထူးပညာရေးအစီအစဉ်၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်းပညာ အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

## အခန်း (၆)

## မသန်စွမ်းသူများ၏ ကျန်းမာရေး

၂၆။ မသန်စွမ်းသူများသည် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၂၇။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မသန်စွမ်းမှုဖြစ်ပွားခြင်းကို ကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများတွင် မသန်စွမ်းမှုဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်စေရန် စီမံချက်များချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းမှု အမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်ကို စစ်ဆေးပြီး အကဲဖြတ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ မသန်စွမ်းသူအသင်းမှ ကျွမ်းကျင်သူများဖြင့်လည်းကောင်း မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) မသန်စွမ်းသူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ကျေးလက်ဒေသများအထိ အခမဲ့ သို့မဟုတ် မသန်စွမ်းသူများကျခံနိုင်သော နှုန်းထားဖြင့် ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) မသန်စွမ်းသူများအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ပေးခြင်း၊

(စ) အရွယ်ရောက်ပြီး ဉာဏ်ရည်မသန်စွမ်းသည့် အမျိုးသမီးများအတွက် လိုအပ်ချက်အရ မိဘ သို့မဟုတ် လက်ရှိအုပ်ထိန်းသူက ဆန္ဒပြုလျှင် မျိုးဆက်ပွားခြင်းကို ကျန်းမာရေးစောင့်ရှောက်မှုမူဝါဒနှင့်အညီ ဆောင်ရွက်ခွင့်ပြုခြင်း။

## အခန်း (၇)

## မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေး

၂၈။ အမျိုးသားကော်မတီသည် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီး အောက်ပါအတိုင်း ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) အများပြည်သူသုံး အဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်းသူများကိုယ်စိတ်နှစ်ပါးလုံခြုံပြီး လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ပုံစံထုတ်လုပ်မှုနှင့် ပြုပြင်တည်ဆောက်မှုဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) မသန်စွမ်းသူများ အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် အလွယ်တကူသွားလာနိုင်ရေးအတွက် အများပြည်သူ အသုံးပြုသည့်နေရာများတွင် အတားအဆီးများမရှိစေရေးအတွက် ပုံစံများ ရေးဆွဲတည်ဆောက်ခြင်း၊

(ဂ) အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများလွယ်ကူစွာ စီးနင်းလိုက်ပါနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ပေးခြင်း၊

(ဃ) လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများနှင့် လမ်းအကွေ့၊ အတက်အဆင်းများတွင် မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေသောအမှတ်အသားများ၊ သင်္ကေတများ၊ အသံပေး၍အချက်ပြသည့်ကိရိယာများနှင့် အခြားလိုအပ်သည်များ တပ်ဆင်ခြင်း၊

(င) အများပြည်သူပိုင် အိမ်ရာ၊ ဆေးရုံနှင့် စာသင်ကျောင်း စသည့် ရုပ်ဝတ္ထုပတ်ဝန်းကျင်များ၊ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးနှင့် လူထုဆက်သွယ်ရေးကဏ္ဍတို့တွင် မသန်စွမ်းသူများလွယ်ကူစွာသွားလာသုံးစွဲနိုင်ရန် စီစဉ်ပေးခြင်း။

## အခန်း (၈)

## မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး

၂၉။ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရှိသည်။

၃၀။ မသန်စွမ်းသူ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

၃၁။ အမျိုးသားကော်မတီသည် -

(က) မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန် ဆန္ဒမဲပေးရာ၌ အသုံးပြုရမည့်ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) အများပြည်သူနှင့်ပတ်သက်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အားကစားလေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ခြင်းများတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန် သင့်လျော်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရမည်။

## အခန်း (၉)

## မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး

၃၂။ အမျိုးသားကော်မတီသည် -

(က) မသန်စွမ်းသူများ လူမှုအသိုက်အဝန်းတွင် အခြားသူများနည်းတူ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ မသန်စွမ်းသူများ၏ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်မှုများကို မြှင့်တင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်းကောင်း မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များ ချမှတ်ရမည်။

(ခ) မိဘမဲ့၊ ခိုကိုးရာမဲ့ မသန်စွမ်းသူများ နေထိုင်ရပ်တည်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) မသန်စွမ်းသူများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကို ရန်ပုံငွေမှပံ့ပိုးထောက်ပံ့ပေးရမည်။

၃၃။ ဝန်ကြီးဌာနသည် အမျိုးသားကော်မတီက ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ချမှတ်ထားသော မူဝါဒများ၊ စီမံချက်များ၊ အစီအစဉ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစေတနာရှင်များနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရမည်။

(ခ) ဘေးအန္တရာယ်အမျိုးမျိုးအတွက် အရေးပေါ်အခြေအနေများတွင် မသန်စွမ်းသူများကို ဦးစားပေး၍ ရှာဖွေကယ်ဆယ်ရေး၊ အကာအကွယ်ပေးရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်။

(ဂ) ဘေးအန္တရာယ်အမျိုးမျိုးအတွက် ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေးအပါအဝင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရန် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဃ) ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း များကို ခေတ်မီနည်းပညာများ လေ့ကျင့်သင်ကြားပေးရမည်။

၃၄။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစေတနာရှင်များနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည် -

(က) မသန်စွမ်းသူများအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးကုသသည့် ဆေးရုံများ၊ ဆေးခန်းများ၊ လေ့ကျင့်သင်ကြားရေးကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးသည့် ပညာရှင်များ၏ စွမ်းရည်မြှင့်တင်ပေးခြင်း၊ လိုအပ်သော ခေတ်မီစက်ကိရိယာများ ပံ့ပိုးပေးခြင်း။

## အခန်း (၁၀)
## မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး

၃၅။ အမျိုးသားကော်မတီသည် -

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် အခြားသူများ နည်းတူ တန်းတူညီမျှ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိရေး၊ အဓမ္မအလုပ်စေခိုင်းမှု တားဆီးကာကွယ်ရေး၊ အလုပ် လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ တည်ဆဲဥပဒေနှင့်အညီရရှိရေး၊ သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊ အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားခွင့်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ လုပ်ငန်းခွင်တွင် လွယ်ကူစွာ ဝင်ထွက်သွားလာလုပ်ကိုင်နိုင်ရေး၊ သင့်လျော်သောနေရာထိုင်ခင်း သို့မဟုတ် အစီ အစဉ်များ ဆောင်ရွက်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မူဝါဒနှင့် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဂ) အောက်ပါ အခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပစ္စည်းများတင်သွင်းခွင့် ရရှိရေးအတွက် တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည် -

(၁) မသန်စွမ်းသူများအတွက် ပြည်ပမှလှူဒါန်းထောက်ပံ့သည့် ငွေကြေးနှင့်ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်များ ရရှိစေရန်၊

(၂) စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ မသန်စွမ်းသူများ အသုံးပြုရန် ပြည်ပမှ တင်သွင်းသော အထောက်အကူပြုပစ္စည်းကိရိယာများ၊ လေ့ကျင့်သင်ကြားရေးပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ ဆေးကုသရေးပစ္စည်းကိရိယာများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်သွင်းခွင့်၊ အခွန်အခကင်းလွတ်ခွင့်များ ရရှိစေရန်၊

(၃) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များမှ မသန်စွမ်းသူများ အသုံးပြုရန် ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအပေါ် အခွန်အခကင်းလွတ်ခွင့် ရရှိစေရန်၊

(၄) မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်ထက်ပို၍ မသန်စွမ်းသူများကို အလုပ်ခန့်ထားပေးပါက ပို၍ခန့်ထားသော မသန်စွမ်းသူဦးရေအလိုက် အခွန်လျှော့ပေါ့ခွင့် ရရှိစေရန်၊

(၅) မသန်စွမ်းသူများကိုယ်တိုင် တည်ထောင်ထားသည့် စီးပွားရေးလုပ်ငန်းများ၊ ယင်းတို့ကိုယ်တိုင်ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ရရှိစေရန်။

၃၆။ အလုပ်ရှင်သည် -

(က) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီက ချမှတ်သော မူဝါဒနှင့်စီမံချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) အလုပ်ခန့်ထားရာတွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် အမျိုးသားကော်မတီမှ သတ်မှတ်ပေးသော ဝေပုံကျနှုန်းထား အရေအတွက်အတိုင်း ခန့်ထားရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်ထားရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများကို ရွေးချယ်ခန့်ထားရမည်။

(ဃ) မသန်စွမ်းသူများအား အလုပ်ခန့်ထားရာတွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိမှုအပေါ် မူတည်၍ လူတွေ့စစ်ဆေးခန့်ထားရေး၊ လုပ်ခလစာနှင့်အလုပ်သမားအခွင့်အရေးများ တန်းတူခံစားခွင့်ရှိရေး၊ ရာထူးတိုးမြှင့်ရေး၊ အလုပ်ခွင်တည်မြဲရေး၊ အခမဲ့အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားခွင့်ရရှိရေး အပါအဝင် မသန်စွမ်းသူများနှင့်သင့်လျော်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားခြင်း မပြုနိုင်လျှင်ဖြစ်စေ၊ အလုပ်ခန့်ထားရန် အခြေအနေမပေးလျှင် သို့မဟုတ် အခွင့်အလမ်းမရှိလျှင်ဖြစ်စေ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေသို့ သတ်မှတ်ထားသော ငွေပမာဏကို ဝေပုံကျနှုန်းထား အရေအတွက်အတိုင်း ပေးသွင်းရမည်။

(စ) ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်အပ်ထားသောမသန်စွမ်းအလုပ်သမား သို့မဟုတ် ဝန်ထမ်းဦးရေ စာရင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကို လည်းကောင်း ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံး များသို့ ပေးပို့ရမည်။

## အခန်း (၁၁)
## မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း

၃၇။ မသန်စွမ်းသူများသည် ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန်အတွက် ၎င်းတို့၏ ဆန္ဒ အလျောက် မသန်စွမ်းသူဖြစ်ကြောင်း အသိအမှတ်ပြုရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လျှောက်ထား နိုင်သည်။

၃၈။ ဝန်ကြီးဌာနသည် -

(က) ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို မှတ်ပုံတင်အရာရှိချုပ်အဖြစ် တာဝန်ပေးရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အလိုက် လူမှုဝန်ထမ်းအရာရှိများကို မှတ်ပုံတင်အရာရှိများအဖြစ် တာဝန်ပေးရမည်။

၃၉။ မှတ်ပုံတင်အရာရှိချုပ်သည် အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ -

(က) မသန်စွမ်းသူများအားလုံး ၎င်းတို့၏အခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် စာရင်း ဇယားများ ပြုစုခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို ကြီးကြပ် ဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို ကာကွယ်နိုင်ရန် အပြည်ပြည်ဆိုင်ရာကလက်ခံထားသည့် စံနှုန်းများ၊ ကျင့်ဝတ် များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က ဆေးစစ်ဆေးခြင်း တို့ကို လွယ်ကူအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) မသန်စွမ်းသူများကို မှတ်ပုံတင်ခြင်း၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့ထံတွင် ဆေးစစ်ဆေးမှုခံယူရန် ဆောင်ရွက်ပေးခြင်း၊ ဆေးစစ်ဆေးခြင်းနှင့်ဆေးထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းတို့ကို အခမဲ့စီစဉ်ဆောင်ရွက်ပေးရမည်။

၄၀။ မသန်စွမ်းသူများသည် မိမိဆန္ဒအလျောက် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်နိုင်ရန် သို့မဟုတ် မှတ်ပုံတင် ထားသည့် မသန်စွမ်းသူက မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ရန်အတွက် မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့ ကိုယ်တိုင်ဖြစ်စေ၊ မိဘအုပ်ထိန်းသူ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက် ထားရမည်။

၄၁။ မှတ်ပုံတင်ကြီးကြပ်ရေးမှူးသည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး မသန်စွမ်းမှုနှင့်စပ်လျဉ်း၍ ဆေးထောက်ခံချက် လက်မှတ် ထုတ်ပေးမည့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ထံတွင် ဆေးစစ်နိုင်ရန် ဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ကထုတ်ပေးသော ဆေးထောက်ခံချက် လက်မှတ်နှင့်အတူ လျှောက်ထားချက်ကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသို့ တင်ပြရမည်။

၄၂။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) အရ တင်ပြလျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်ထားသည့် မသန်စွမ်းသူက မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထား လာသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ အတည်ပြုချက်ရယူ၍ မသန်စွမ်းသူ အဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီသို့ မှတ်တမ်းတင်ရန် စာရင်းပေးပို့ရမည်။

(ဂ) မသန်စွမ်းသူ၏ မသန်စွမ်းမှုအဆင့်ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် သတ်မှတ် ထားသောမသန်စွမ်းမှုအင်္ဂါရပ်များနှင့် အကျုံးမဝင်ခြင်းတွေ့ရှိသည့်အခါ မသန်စွမ်းမှုအဆင့် စိစစ် သတ်မှတ်သည့်အဖွဲ့၏ မှတ်ချက်တို့နှင့် အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရမည်။

၄၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် -

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ တင်ပြသော လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ခွင့်ပြုပါက လျှောက်ထားသူအား သက်သေခံ လက်မှတ် ထုတ်ပေးရမည်။

(ဂ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ)အရ မသန်စွမ်းမှု အဆင့်ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှုအင်္ဂါရပ်များနှင့် အကျုံးမဝင်တော့ကြောင်း တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) မသန်စွမ်းသူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ မသန်စွမ်းမှု အဆင့်ပြင်ဆင်သတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှု အင်္ဂါရပ်များနှင့် အကျုံး မဝင်ခြင်းတို့အတွက် စာရင်းများအား မှတ်တမ်းတင်နိုင်ရန် မှတ်ပုံတင်အရာရှိက မှတ်ပုံတင် အရာရှိချုပ်ထံသို့ တင်ပြစေရမည်။

## အခန်း (၁၂)
## မသန်စွမ်းသူများ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၄၄။ မသန်စွမ်းသူများ အသင်းအဖွဲ့များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်သော အဖွဲ့အစည်း များသည် ဤဥပဒေပါ အခွင့်အရေးများ၊ လိုအပ်သောနည်းပညာများ၊ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်း ဆောင်ရွက်မှုများရရှိရေးအတွက် ၎င်းတို့၏ဆန္ဒအလျောက် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် လျှောက်ထားနိုင်သည်။

၄၅။ မသန်စွမ်းသူအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များမှ အဖွဲ့ဝင် မဟုတ်သည့် မသန်စွမ်းသူကိုယ်စားလှယ်များဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ကို ဖွဲ့စည်းပြီး အမျိုးသားကော်မတီနှင့် ညှိနှိုင်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ရမည်။

၄၆။ မှတ်ပုံတင်အရာရှိချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရန်အလို့ငှာ မသန်စွမ်းသူအသင်းအဖွဲ့များကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

၄၇။ မသန်စွမ်းမှု အမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှုအမျိုးအစားများစုပေါင်း၍ဖြစ်စေ သက်ဆိုင်ရာ မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုကို မှတ်ပုံတင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူအသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၈။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် ပုဒ်မ ၄၇ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အမျိုးသားကော်မတီသို့ တင်ပြရမည်။

၄၉။ အမျိုးသားကော်မတီသည် -

(က) ပုဒ်မ ၄၈ အရ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ တင်ပြချက်များကို စိစစ်ပြီး အသင်းအဖွဲ့၏ မှတ်ပုံတင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုသော မသန်စွမ်းသူများအသင်းအဖွဲ့ကို သတ်မှတ်ထားသော မှတ်ပုံတင်ခ ပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၅၀။ ဤဥပဒေအာဏာမတည်မီက အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးကြီးကြပ်ရေးဗဟိုအဖွဲ့တွင် ဖွဲ့စည်းခဲ့သော မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုသည် အသင်းအဖွဲ့မှတ်ပုံတင်ရန် ဤဥပဒေအာဏာတည်ပြီးနောက် ရက်ပေါင်း ၁၈၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မသန်စွမ်းသူများအသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅၁။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် ပုဒ်မ ၅၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၅၂။ အမျိုးသားကော်မတီသည် ပုဒ်မ ၅၁ အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့ကို ပုဒ်မ ၄၉ နှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုသည် -

(က) မှတ်ပုံတင်သက်တမ်း တိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူများအသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သို့ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ဒဏ်ကြေးပေးသွင်းပြီး မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။ သို့ရာတွင် စေတနာ့ဝန်ထမ်းပရဟိတ အသင်းအဖွဲ့ဖြစ်ပါက သတ်မှတ်ထားသည့်ဒဏ်ကြေး ပေးသွင်းရန်မလို။

၅၄။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် ပုဒ်မ ၅၃ အရ လျှောက်ထားချက်ကို စိစစ်၍ သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး အမျိုးသားကော်မတီ၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၅၅။ ဤဥပဒေအရ မှတ်ပုံတင်ထားသော မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုသည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ခြင်း မပြုရ။

(ခ) အမျိုးသားကော်မတီက ချမှတ်သော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်မှုမရှိစေရ။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၅၆။ အမျိုးသားကော်မတီသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော မသန်စွမ်းသူများအသင်းအဖွဲ့ တစ်ခုခုက ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုအသင်းအဖွဲ့ကို အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) သက်ဆိုင်ရာ မသန်စွမ်းသူအသင်းအဖွဲ့တစ်ခုခု၏ မှတ်ပုံတင်လက်မှတ်ကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသောကာလအထိ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) သက်ဆိုင်ရာ မသန်စွမ်းသူအသင်းအဖွဲ့တစ်ခုခု၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၃)

## ပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ခြင်း

၅၇။ ပုဂ္ဂလိကပညာသင်အထူးကျောင်းကိုဖြစ်စေ၊ ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်းကို ဖြစ်စေ၊ ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်နေသူ သို့မဟုတ် တည်ထောင်ဖွင့်လှစ်လိုသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားရမည်။

၅၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၅၇ အရ ခွင့်ပြုမိန့် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၅၉။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၅၈ အရ လျှောက်ထားချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုပါက ပိုင်ရှင်အား သတ်မှတ်ထားသော အခကြေးငွေပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်သက်တမ်းတို့ကို သတ်မှတ်၍ ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

၆၀။ ပိုင်ရှင်တစ်ဦးဦးသည် ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်း၊ ပုဂ္ဂလိကပညာသင် အထူးကျောင်းနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနတစ်ခုခုကို ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးမှတစ်ဆင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆၁။ ဦးစီးဌာနသည် ပုဒ်မ ၆၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၂။ ပုဒ်မ ၆၁ အရ ခွင့်ပြုပါက သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးရမည်။

၆၃။ ပိုင်ရှင်တစ်ဦးဦးသည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ခြင်းမပြုရ။

(ခ) အမျိုးသားကော်မတီက ချမှတ်သော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်မှုမရှိစေရ။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တာဝန်နှင့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၆၄။ ဦးစီးဌာနသည် ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိသူ ပိုင်ရှင်က ပုဒ်မ ၆၃ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ထိုပိုင်ရှင်ကို အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၄)
## အယူခံခြင်း

၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ပုဒ်မ ၄၃ အရ မသန်စွမ်းသူများအား မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း သို့မဟုတ် မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်း သို့မဟုတ် သတ်မှတ်ထားသော မသန်စွမ်းမှုအင်္ဂါရပ်နှင့် အကျုံးမဝင်တော့သဖြင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်အရာရှိချုပ်ထံသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

၆၆။ မှတ်ပုံတင်အရာရှိချုပ်သည် ပုဒ်မ ၆၅ အရ လျှောက်ထားလာသည့် အယူခံအမှုကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီကချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၇။ အောက်ပါတို့နှင့်စပ်လျဉ်း၍ ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အမျိုးသားကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည် -

(က) မှတ်ပုံတင်အရာရှိချုပ်က ပုဒ်မ ၆၆ အရ အယူခံမှုတွင် ချမှတ်သည့် ဆုံးဖြတ်ချက်၊

(ခ) ဦးစီးဌာနက ပုဂ္ဂလိကပညာသင်အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနတစ်ခုခုကို တည်ထောင်ဖွင့်လှစ်လိုသူအား ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၅၉၊ ပုဒ်မခွဲ (က) အရ ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၆၁ အရ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုသည့် ဆုံးဖြတ်ချက်၊

(ဂ) ဦးစီးဌာနက ပိုင်ရှင်တစ်ဦးဦးအား ပုဒ်မ ၆၄ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်။

၆၈။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၇ အရ အယူခံမှုကိုစိစစ်ပြီး မှတ်ပုံတင်အရာရှိချုပ်ကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၆၉။ အမျိုးသားကော်မတီသည် ဤဥပဒေပါလုပ်ငန်းများကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ကူညီပံ့ပိုးငွေများ၊

(ဂ) မသန်စွမ်းသူများ အသင်းအဖွဲ့မှတ်ပုံတင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများ၊

(ဃ) ပုဂ္ဂလိကပညာသင်အထူးကျောင်းများ၊ ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းတို့မှ ရရှိသော အခကြေးငွေများ၊

(င) သတ်မှတ်သောဝေပုံကျနှုန်းထား အရေအတွက်အတိုင်း ပုဂ္ဂလိကအလုပ်ရှင်က သင့်လျော်သော အလုပ်လုပ်ကိုင်နိုင်သည့် မသန်စွမ်းသူအား အလုပ်ခန့်ထားခြင်းမပြုသည့်အတွက် ထည့်ဝင်ရသော ငွေများ၊

(စ) ပုဒ်မ ၅၆ နှင့် ပုဒ်မ ၆၄ တို့ပါ စီမံခန့်ခွဲရေးဆုံးဖြတ်ချက်အရ ချမှတ်သောဒဏ်ကြေးများ။

၇၀။ အမျိုးသားကော်မတီသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းရမည်။

၇၁။ ပုဒ်မ ၇၀ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေစာရင်းရှင်းတမ်းများ ပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၇၂။ အမျိုးသားကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

## အခန်း (၁၆)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၇၃။ မည်သည့်ပိုင်ရှင်မျှ -

(က) ပုဂ္ဂလိကပညာသင်အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်း၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများအား ဤဥပဒေအရ ခွင့်ပြုမိန့်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်အရ ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်ကာလအတွင်း အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုကို ဖွင့်လှစ်ခြင်းမပြုရ။

၇၄။ မည်သူမျှ -

(က) မသန်စွမ်းသူတစ်ဦးဦးက ကျောင်းဝင်ခွင့်လျှောက်ထားချက်ကို အဆိုပါကျောင်း သို့မဟုတ် ဌာန တစ်ခုခုမှ ခိုင်လုံသောအကြောင်းမရှိဘဲ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ။

(ခ) ကျောင်းဝင်ခွင့်ပြုထားသော မသန်စွမ်းသူတစ်ဦးဦးကို ခိုင်လုံသောအကြောင်းမရှိဘဲ အဆိုပါ ကျောင်း သို့မဟုတ် ဌာနတစ်ခုခုက ထုတ်ပယ်ခြင်းမပြုရ။

၇၅။ မည်သည့်အလုပ်ရှင်မျှ -

(က) သင့်လျော်သောအလုပ်ကို လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူကို သတ်မှတ်ထားသော ဝေပုံကျ နှုန်းထား အရေအတွက်အတိုင်း အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) ဤဥပဒေအရ အလုပ်ခန့်ထားသောမသန်စွမ်းသူကို ခိုင်လုံသောအကြောင်းမရှိဘဲ အလုပ်ရပ်စဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ ရာထူးချခြင်းနှင့် ပြောင်းရွှေ့တာဝန်ပေးခြင်းမပြုရ။

၇၆။ မည်သည့်အလုပ်ရှင်မျှ -

(က) ခန့်ထားသော အလုပ်သမားနှင့် ဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အရ အလုပ်ခန့်ထားရန် ကျန်ရှိသော အလုပ်နေရာအရေအတွက်၊ အလုပ်သမားအရည်အချင်းနှင့် အလုပ်အကိုင်အမျိုးအစားများကိုလည်းကောင်း၊ ဦးစီးဌာနနှင့်

သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများကို ကူညီဆောင်ရွက်ပေးသူများအား သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အရ အလုပ်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့အတွက် ကုန်ကျစရိတ်ကို ယင်းတို့ထံမှ တောင်းခံခြင်းမပြုရ။

(ဂ) ဦးစီးဌာနမှ ဤဥပဒေပါ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးခြင်းကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ငြင်းဆိုခြင်းမပြုရ။

၇၇။ မည်သူမျှ -

(က) မသန်စွမ်းသူများအား မသန်စွမ်းမှုကိုအကြောင်းပြု၍ သိလျက်နှင့် တမင်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်းမပြုရ။

(ခ) မသန်စွမ်းသူများအား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အဓမ္မအလုပ် ခိုင်းစေခြင်းမပြုရ။

(ဂ) မသန်စွမ်းသူများအား တလွဲအသုံးပြု၍ မည်သည့်အကြောင်းနှင့်မျှ ကိုယ်ကျိုးစီးပွားမရှာရ။

၇၈။ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိသော မည်သည့်မသန်စွမ်းသူများအသင်းအဖွဲ့ဝင်မျှ -

(က) အမျိုးသားကော်မတီက ချမှတ်သောမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ရန် ပျက်ကွက်မှုမရှိစေရ။

(ခ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တာဝန်နှင့်တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၉။ မည်သည့်ပိုင်ရှင်မဆို ပုဒ်မ ၇၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သည့်အလုပ်ရှင်မဆို -

(က) ပုဒ်မ ၇၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၇၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၃။ ဤဥပဒေအရ မှတ်ပုံတင်ထားသော မည်သည့်မသန်စွမ်းသူအသင်းအဖွဲ့ဝင်မဆို ပုဒ်မ ၇၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၇)
## အထွေထွေ

၈၄။ ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စောင့်ကြည့်ပြီး ကြီးကြပ်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရန်အလို့ငှာ -

(က) ဝန်ကြီးဌာနသည် ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနအဖြစ် ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လိုအပ်ပါက ဝန်ကြီးဌာနအပြင်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကို ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနများအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးနိုင်သည်။

၈၅။ အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများနေ့နှင့် မသန်စွမ်းသူများ သီတင်းပတ်တို့ကို သတ်မှတ်နိုင်သည်။

၈၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ထိုသူကို ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၇။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၈၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်သည့် ပြစ်မှုများဖြစ်သည်ဟု မှတ်ယူရမည်။

၈၉။ ဝန်ကြီးဌာနသည် ပြန်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ပေးဆောင်ရမည့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်ထုတ်ပေးခ၊ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခနှင့် အခြားလိုအပ်သော ဝန်ဆောင်ခများကိုလည်းကောင်း၊ မှတ်ပုံတင်သက်တမ်းနှင့် ခွင့်ပြုမိန့်သက်တမ်းတို့ကိုလည်းကောင်း သတ်မှတ်ထားရမည်။

၉၀။ ဝန်ကြီးဌာနသည် မသန်စွမ်းသူကို မသန်စွမ်းမှုအမျိုးအစားနှင့် အဆင့်အလိုက် ရန်ပုံငွေမှ သင့်လျော်သော အထောက်အပံ့ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

၉၁။ ရန်ပုံငွေအတွက်ဖြစ်စေ၊ မသန်စွမ်းသူနှင့်သက်ဆိုင်သည့် ပရဟိတအဖွဲ့အစည်းများနှင့် မသန်စွမ်းသူအသင်းအဖွဲ့များသို့ဖြစ်စေ လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်ကို သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရှိသည်။

၉၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့်ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၉၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် လိုက်နာဆောင်ရွက်ရမည်။

၉၄။ ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေးအက်ဥပဒေ (၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် )

**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁။ )

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်။

(ခ) **စာရင်းပညာ**ဆိုသည်မှာ ဘဏ္ဍာရေးစာရင်းပညာ၊ စီမံခန့်ခွဲမှုစာရင်းပညာ၊ တန်ဖိုးတွက်စာရင်းပညာနှင့် စာရင်းစစ်ဆေးခြင်းပညာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စာရင်းပညာကို အခြေခံပြုသည့် လုပ်ငန်းပညာရပ်များလည်း ပါဝင်သည်။

(ဂ) **စာရင်းလုပ်ငန်း**ဆိုသည်မှာ စာရင်းထားသိုခြင်း၊ စာရင်းပြုစုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲပြုစုခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများစစ်ဆေးခြင်း၊ စာရင်းရှင်းတမ်းသို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်း၊ ကျသင့်သည့်အခွန် သို့မဟုတ် တန်ဖိုးတွက်ချက်ခြင်း၊ စာရင်းစနစ်တီထွင်ချမှတ်ခြင်း၊ စာရင်းစနစ်စိစစ်ခြင်း၊ စာရင်းပညာသင်ကြားခြင်း၊ စာရင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်း၊ အခွန်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စီက အခါအားလျော်စွာသတ်မှတ်သည့် စာရင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်နှင့် စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(င) **စာရင်းကိုင်အလုပ်သင်**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းအစီအစဉ်အရ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့သင်ယူနေသူကို ဆိုသည်။

(စ) **စာရင်းကိုင်အလုပ်သင်လုပ်သက်**ဆိုသည်မှာ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့သင်ယူရမည့် ကာလကို ဆိုသည်။

(ဆ) **စာမေးပွဲအောင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအသီးသီးတွင် ပထမပိုင်းနှင့် ဒုတိယပိုင်း စာမေးပွဲနှစ်ခုလုံး အောင်မြင်ပြီးသူများအား ကောင်စီက ထုတ်ပေးသည့် အောင်လက်မှတ်ကို ဆိုသည်။

(ဇ) **စာရင်းကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော စာရင်းပညာလက်မှတ်ရရှိသူကို ဆိုသည်။

(ဈ) **လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲ နှစ်ပိုင်းလုံးအောင်မြင်ပြီးသူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ ပုဒ်မ ၄၁ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ည) **လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲ နှစ်ပိုင်းလုံးအောင်မြင်သည့်အပြင် သတ်မှတ်သည့် စာရင်းကိုင်အလုပ်သင်လုပ်သက်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာဆောင်ရွက်ပြီးဖြစ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ ပုဒ်မ ၄၁ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ဋ) **စာရင်းပညာရှင်**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) ရရှိထားသူ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်များမှ အသိအမှတ်ပြုစာရင်းပညာရှင်လက်မှတ် ရရှိထားပြီး ကောင်စီက စိစစ်ခွင့်ပြုထားသောသူကို ဆိုသည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသူကို ဆိုသည်။

(ဍ) **အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း**ဆိုသည်မှာ အများပိုင်သော သို့မဟုတ် အများ၏အကျိုးစီးပွားနှင့် သက်ဆိုင်သော သို့မဟုတ် ကောင်စီက သတ်မှတ်သော လုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကို ဆိုသည် -

(၁) ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ခြင်း၊

(၂) လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အကျိုးအမြတ်အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေတို့နှင့်စပ်ဆိုင်သည့် စာရင်းဇယား သို့မဟုတ် ထုတ်ပြန်တင်ပြချက် သို့မဟုတ် ကြေညာချက် သို့မဟုတ် ခန့်မှန်းဖော်ပြချက်တစ်ရပ်ရပ်တွင် မိမိစိစစ်ပြီးကြောင်း သို့မဟုတ် ထောက်ခံကြောင်း သို့မဟုတ် မိမိပြုစုပေးကြောင်း လက်မှတ်ရေးထိုးခြင်း၊

(၃) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အရလုပ်ငန်းအဖွဲ့အစည်းက အစိုးရဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရသည့်ကိစ္စတွင် လုပ်ငန်းအဖွဲ့အစည်း၏ကိုယ်စား ပါဝင်ဆောင်ရွက်ပေးခြင်း၊

(၄) ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေးအစီရင်ခံ တင်ပြခြင်း။

(ဎ) **ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ စာရင်းကိုင်၊ စာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်အလိုက် အဖိုးအခရယူသည်ဖြစ်စေ အဖိုးအခမဲ့ဖြစ်စေ စာရင်းပြုစုပေးခြင်း၊ စာရင်းရေးဆွဲပေးခြင်း၊ စာရင်းစစ်ဆေးပေးခြင်းတို့ကို ဆိုသည်။

(ဏ) **အစိုးရကဏ္ဍစာရင်းလုပ်ငန်း**ဆိုသည်မှာ အစိုးရဌာနအဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်းစာရင်းစစ်၊ အစိုးရစာရင်းစစ် စသည်ဖြင့် စာရင်းပညာဖြင့် တာဝန်ထမ်းဆောင်ခြင်းကို ဆိုသည်။

(တ) **စာရင်းပညာသင်ကြားမှုလုပ်ငန်း**ဆိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ထ) **အသင်း**ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဒ) **နိုင်ငံခြားသားစာရင်းပညာရှင်**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းတို့ ချုပ်ဆိုသော စာချုပ် သို့မဟုတ် သဘောတူညီချက်အရသော်လည်းကောင်း၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏ စာရင်းပညာအဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအမံများအရသော်လည်းကောင်း မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ရန် ကောင်စီက စည်းမျဉ်းနှင့်အညီ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံခြားသား လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် အလားတူ စာရင်းပညာရှင်ကို ဆိုသည်။

(ဓ) **လုပ်ငန်းအဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာဆောင်ရွက်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံရေးလုပ်ငန်းနှင့် အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်သည့် လုပ်ငန်း၊ နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ်အများ၏ ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှုတို့ဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတို့ကို ဆိုသည်။

(န) **လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူ**ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းအတွက် အရင်းအနှီးထည့်ဝင်ထားသူများ သို့မဟုတ် အရင်းအနှီးထည့်ဝင်ထားသူများကိုယ်စား သို့မဟုတ် ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်ကိုယ်စား သို့မဟုတ် နိုင်ငံတော်ကိုယ်စား လုပ်ငန်းအဖွဲ့အစည်းကို လက်တွေ့အုပ်ချုပ်စီမံဆောင်ရွက်သူ သို့မဟုတ် ထိုသို့အုပ်ချုပ်စီမံဆောင်ရွက်ရသည့်အဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းဖွဲ့စည်းပုံအရ စီမံခန့်ခွဲရေးအဖွဲ့၊ ဒါရိုက်တာအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ စသည်ဖြင့် အမည်အခေါ်အမျိုးမျိုးရှိသည့် အဖွဲ့များလည်း ပါဝင်သည်။

(ပ) **ဘဏ္ဍာရေးအစီရင်ခံခြင်း**ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူက မိမိ စီမံခန့်ခွဲဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေနှင့် ငွေရရှိသုံးစွဲမှုအခြေအနေ အချက်အလက်များကို ဘဏ္ဍာရေးရှင်းတမ်းများအဖြစ် ပြုစုလျက် လုပ်ငန်းအဖွဲ့အစည်း၌ အရင်းအနှီးထည့်ဝင်ထားသူများ၊ အရင်းအနှီးထည့်ဝင်ရန် လေ့လာနေသူများ၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်နေသူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ သိရှိပြီး လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် ထုတ်ပြန်တင်ပြခြင်းကို ဆိုသည်။

(ဖ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဤဥပဒေအရ ဖြစ်ပေါ်သည့် ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)၊ အလုပ်သင်စာရင်းကိုင်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများစာရင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများစာရင်းကို မှတ်ပုံတင်ထိန်းသိမ်းခြင်းနှင့် လိုအပ်သလို ထုတ်ပြန်ကြေညာခြင်း ဆောင်ရွက်ရန် ကောင်စီက ခန့်အပ်ထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းပညာကျွမ်းကျင်သူများ တိုးပွားလာစေရန်၊

(ခ) စာရင်းပညာခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် စာရင်းလုပ်ငန်း အရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(ဃ) အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို အပြည်ပြည်ဆိုင်ရာစာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရန်၊

(င) စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုလာစေရန်။

## အခန်း (၃)
## မြန်မာနိုင်ငံစာရင်းကောင်စီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | |
|---|---|
| (က) ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) အသင်းဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင် |

(င) ဒုတိယဉက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဇ) စီးပွားရေးတက္ကသိုလ်များမှ ၅ ဦးထက်မပိုသော ပါမောက္ခချုပ်များ အဖွဲ့ဝင်

(ဈ) အသင်းမှ ကိုယ်စားလှယ် ၉ ဦး အဖွဲ့ဝင်

(ည) ဒုတိယဉက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဖွဲ့ဝင်
ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဋ) ၅ ဦးထက်မပိုသော သင့်လျော်သည့် နိုင်ငံသားစာရင်းပညာရှင်များ အဖွဲ့ဝင်

(ဌ) ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် အတွင်းရေးမှူး
သုတေသနဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဍ) အသင်းအတွင်းရေးမှူး တွဲဖက်အတွင်းရေးမှူး

၅။ ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

၆။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၇။ ကောင်စီသည် စာရင်းပညာမူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်တိုင်ကြားခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီနှင့် တစ်နှစ်နှင့်အထက် ကင်းကွာခြင်း၊

(ဃ) စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း။

၉။ ကောင်စီသည် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၁၀။ ကောင်စီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၁။ ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပြန်လည်ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ကောင်စီဝင်တစ်ဦးဦး လစ်လပ်ပါက ပြန်လည် ရွေးချယ်တာဝန်ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

၁၂။ ကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ကောင်စီဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အသင်းဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အသင်းမှကိုယ်စားလှယ် ကောင်စီအဖွဲ့ဝင် ၆ ဦး | အဖွဲ့ဝင် |
| (င) | ကောင်စီအဖွဲ့ဝင် ၅ ဦး | အဖွဲ့ဝင် |
| (စ) | ကောင်စီ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (ဆ) | ကောင်စီ တွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |

၁၃။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) နှင့် (င) ပါ ကောင်စီအဖွဲ့ဝင် (၁၁) ဦးကို ကောင်စီ၏ ပထမဆုံး အစည်းအဝေးတွင် ရွေးချယ်တာဝန်ပေးရမည်။ ကောင်စီသက်တမ်းအတွင်း အဖွဲ့ဝင်လစ်လပ်မှုများကို အနီးကပ်ဆုံး ကောင်စီအစည်းအဝေးတွင် အစားထိုးရွေးချယ်တာဝန်ပေးရမည်။

၁၄။ အလုပ်အမှုဆောင်အဖွဲ့၏သက်တမ်းသည် ကောင်စီ၏သက်တမ်းအတိုင်း ဖြစ်သည်။

၁၅။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၆။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် ကောင်စီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၅)
## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း၊ ဌာနဆိုင်ရာသင်တန်း များနှင့် အခြားသင်တန်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရည်အချင်းစစ် စာမေးပွဲများပြုလုပ်ခြင်း၊ သင်တန်းနှင့်စာမေးပွဲဆိုင်ရာ စည်းမျဉ်းများချမှတ်ခြင်း၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ ပေးအပ်ခြင်း၊

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း၊ ဌာနဆိုင်ရာသင်တန်း များနှင့် အခြားသင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်း၊ ထိုသင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာပြဋ္ဌာန်းစာအုပ်များ စီစဉ်ခြင်း၊

(ဂ) စာရင်းကိုင်အလုပ်သင်လက်တွေ့သင်ကြားရေး၊ စဉ်ဆက်မပြတ် စာရင်းပညာလေ့လာဆည်းပူးရေး လုပ်ငန်းအစီအစဉ်နှင့် စည်းမျဉ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စာရင်းကိုင်စံများ၊ စာရင်းစစ်စံများ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာစံများ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးအစီအစဉ်များ ချမှတ်ပြဋ္ဌာန်းခြင်း၊ ထိုပြဋ္ဌာန်းချက်များကို လက်တွေ့ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့်သင်တန်းများစီစဉ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ပြဋ္ဌာန်းချက်အထောက်အကူပြု စာအုပ်စာတမ်းများ ထုတ်ဝေခြင်း၊

(င) ကောင်စီက ချမှတ်ပြဋ္ဌာန်းထားသည့် စံများ၊ အစီအစဉ်များကို လက်တွေ့လိုက်နာကျင့်သုံးမှု ရှိ မရှိ စောင့်ကြည့်စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ လိုက်နာကျင့်သုံးရန် ပျက်ကွက်မှုအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာစာရင်းပညာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူညီချက်များကို အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် ချုပ်ဆိုခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ စာရင်းပညာဆိုင်ရာလက်မှတ်နှင့် ဘွဲ့များကိုစိစစ်၍ အသိအမှတ်ပြုခြင်း၊ ယင်းသို့ အသိအမှတ်ပြုသည့် လက်မှတ် သို့မဟုတ် ဘွဲ့ရရှိထားသည့် နိုင်ငံသားများအား မှတ်ပုံတင်နိုင်ရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ဇ) သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးအား မှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားခြင်း၊ ယင်း၏ တာဝန် ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(ဈ) ဤဥပဒေပါရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် ကောင်စီက ဆောင်ရွက်သည့် လုပ်ငန်းစဉ် များတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) များ ပါဝင်ဆောင်ရွက်ရေးအတွက် တာဝန်သတ်မှတ် လွှဲအပ်ပေးခြင်း၊ ယင်းသို့ တာဝန်ယူ ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ည) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရေးအတွက် ပြည့်စုံရမည့် လက်တွေ့ လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့် လုပ်ငန်းနည်းစနစ်နှင့် အခြား လိုအပ်ချက်များကို စာရင်းလုပ်ငန်းနယ်ပယ်အလိုက်၊ စာရင်းလုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ခြင်း၊

(ဋ) ဤဥပဒေပါ ရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရမည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို ကောင်စီဝင်များ၊ သင့်လျော်သည့် စာရင်းပညာရှင်များဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဌ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် လုပ်ငန်းလမ်းညွှန်မှုများ ထုတ်ပြန်ခြင်း၊ ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များအတွက် လိုအပ်သည့် အချက်အလက်များကို စာရင်း လုပ်ငန်း လုပ်ကိုင်သူများထံမှ ရယူခြင်း၊

(ဍ) ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများကို သတ်မှတ်သင်ရိုး ညွှန်းတမ်းနှင့်အညီ အဆင့်မီသင်ကြားမည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ် ဆောင်ရွက်ရန် တင်ပြခြင်းကို စိစစ်ခွင့်ပြုခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ဎ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကောင်စီဝင်များ၊ ကောင်စီ၏ကော်မတီဝင်များအား စရိတ်ချီးမြှင့်ငွေ သတ်မှတ်ခံစားခွင့်ပြုခြင်း၊

(ဏ) အစိုးရဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ စာရင်းပညာ၊ စာရင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်အတွက် အကြံပြုခြင်း၊

(တ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင်ကျင့်ဝတ်သိက္ခာဖောက်ဖျက်သော စာရင်း လုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)၊ စာရင်းကိုင်အလုပ်သင်များ၊ စာရင်းကျွမ်းကျင်သူများကို အရေးယူခြင်း။

## အခန်း (၆)
## အသင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၈။ အသင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပြဋ္ဌာန်းချက်များအရ ဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ၊ စာရင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ကောင်စီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စာရင်းပညာ၊ စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သော သို့မဟုတ် ပြင်ဆင်သင့်သော သင်ရိုးညွှန်းတမ်း၊ စည်းမျဉ်း၊ စည်းကမ်း၊ စံ၊ လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ဂ) စာရင်းပညာ ခေတ်မီတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) စဉ်ဆက်မပြတ် စာရင်းပညာ လေ့လာဆည်းပူးရေးလုပ်ငန်းကို စီစဉ်ဆောင်ရွက် အကောင်အထည် ဖော်ခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအစီအစဉ်နှင့် လုပ်ငန်းဆိုင်ရာ ကျင့်ဝတ် စည်းကမ်းများကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် ချမှတ်ပြဋ္ဌာန်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စု နယ်မြေကောင်စီမှ တောင်းခံလာသော စာရင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း၊

(ဆ) အသင်း၏စည်းမျဉ်းများ သို့မဟုတ် ကောင်စီ၏ဆုံးဖြတ်ချက်များနှင့်အညီ ဝင်ငွေ၊ ရငွေ၊ ထောက်ပံ့ငွေ များဖြင့် ရန်ပုံငွေထူထောင်ဆောင်ရွက်ခြင်း၊

(ဇ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ စာရင်းပညာရှင်များ၏ နစ်နာချက် သို့မဟုတ် တိုင်ကြားချက် များနှင့်စပ်လျဉ်း၍ ကောင်စီသို့ စိစစ်တင်ပြခြင်း၊

(ဈ) အသင်း၏ ဆောင်ရွက်ချက်များကို ကောင်စီအစည်းအဝေးသို့ တင်ပြခြင်း။

၁၉။ အသင်းနှင့်စပ်လျဉ်း၍ ကောင်စီက အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည် -

(က) အသင်းအား ထိုက်သင့်သည့် ထောက်ပံ့မှုများ ခွင့်ပြုခြင်း၊ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ခ) ကောင်စီက ဖွဲ့စည်းသည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များတွင် သင့်လျော်သည့် အသင်းဝင် များအား ထည့်သွင်းဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဂ) လုပ်ငန်းတစ်ရပ် သို့မဟုတ် ကိစ္စတစ်ရပ်ကို ကောင်စီကိုယ်စား ဆောင်ရွက်ရန် အသင်းအား တာဝန်လွှဲအပ်ခြင်း။

## အခန်း (၇)
## ကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်း

၂၀။ (က) ကောင်စီသည် အောက်ဖော်ပြပါ ကော်မတီများနှင့် လိုအပ်သော ကော်မတီများကို ကောင်စီဝင်များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) များ၊ သင့်လျော်သည့် နိုင်ငံသား များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည် -

(၁) စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၊

(၂) သင်ရိုးညွှန်းတမ်းကော်မတီ၊

(၃) စာစစ်ကော်မတီ၊

(၄) စာရင်းဆိုင်ရာစံများကော်မတီ၊

(၅) စာရင်းစစ်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီ၊

(၆) စာရင်းကိုင်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီ၊

(၇) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်စိစစ်ရေးကော်မတီ၊

(၈) ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်စိစစ်ရေးကော်မတီ။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကော်မတီများ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်း အတိုင်း ဖြစ်သည်။

၂၁။ (က) ကောင်စီသည် အောက်ဖော်ပြပါ အဖွဲ့နှင့် ကော်မတီကို ကောင်စီဝင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ကိစ္စရပ်အလိုက် လိုအပ်သည့်အခါ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(၂) စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် အဖွဲ့နှင့် ကော်မတီတို့၏ တာဝန်နှင့် သက်တမ်းသည် ကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၂၂။ ကောင်စီသည် ကော်မတီနှင့် အဖွဲ့အသီးသီးကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အတွက် တာဝန်သတ်မှတ်ချက်များကို ပြင်ဆင်နိုင်သည်။ လုပ်ငန်းသဘာဝအရ လိုအပ်ပါက ဆပ်ကော်မတီများ ဖွဲ့စည်း နိုင်သည်။ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

## အခန်း (၈)

## ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများ

၂၃။ ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများကို ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေ ပုဒ်မ ၂၉ အရ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။

၂၄။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲအောင်မြင်သူများကို ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ် အပ်နှင်းရမည်။

၂၅။ ကောင်စီသည် လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲအောင်မြင်သူများကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် အပ်နှင်းရမည်။

၂၆။ ကောင်စီသည် -

(က) စာရင်းကိုင်သင်တန်းများ တက်ရောက်ခွင့်အတွက် သင်တန်းဝင်ခွင့် အရည်အချင်းကန့်သတ် ခြင်းနှင့် စိစစ်ခြင်း၊ သင်တန်းဝင်ခွင့်စာမေးပွဲ ကျင်းပခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ခ) သင်တန်းဝင်ခွင့် လျှောက်ထားစဉ်က မမှန်မကန်သည့်အချက်များဖြင့် လျှောက်ထားခဲ့ကြောင်း ပေါ်လွင်ထင်ရှားပါက သင်တန်းဝင်ခွင့် ငြင်းပယ်ခြင်း၊ သင်တန်းမှထုတ်ပယ်ခြင်း၊ အပ်နှင်း ထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) မမှန်ကန်သည့်နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုကြောင်း ပေါ်လွင်ထင်ရှားပါက ဖြေဆိုထားသည့် စာမေးပွဲတွင် ကျရှုံးအဖြစ် သတ်မှတ်ခြင်း၊ နောင်စာမေးပွဲ၌ ဖြေဆိုခွင့်ပိတ်ပင်ခြင်း၊ အပ်နှင်း ထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၉)

## ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ မှတ်ပုံတင်ခြင်း

၂၇။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်ရန်လျှောက်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်။

၂၈။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် ကောင်စီက အသိအမှတ်ပြုထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည် -

(က) အသင်း၏စာရင်းပညာနှင့် စာရင်းပညာလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) စာရင်းပညာရှင်ဆိုင်ရာကျင့်ဝတ်သိက္ခာကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) စာရင်းလုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းကမ်းများ၊ စံများကို လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း (၁၀)

## ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ

၂၉။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၃၀။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လက်မှတ် ထုတ်ပေးရေးအတွက် စိစစ်ရေးမူနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း မှတ်ပုံတင်ခြင်းဆိုင်ရာသတ်မှတ်ချက်များကို ချမှတ်ရမည်။

၃၁။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် သင်တန်းဆရာများအဖြစ် ဆောင်ရွက်သူများအတွက် ပြည့်စုံရမည့် အရည်အချင်းနှင့် အတွေ့အကြုံလိုအပ်ချက်ကို ကောင်စီက သတ်မှတ်နိုင်သည်။

၃၂။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း သင်တန်းဆရာများသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၃၃။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း သင်တန်းဆရာများ မှတ်ပုံတင်ခြင်းအတွက် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ကောင်စီက ချမှတ်ရမည်။

၃၄။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း၏ တာဝန်နှင့်အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

၃၅။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့်စပ်လျဉ်းသည့် ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်ခြင်း၊

(ခ) သင်တန်းကျောင်း၏ သင်ကြားပို့ချမှုကို စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ရာတွင် ပြုပြင်ဆောင်ရွက်ရန် သို့မဟုတ် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရလျှင် သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဃ) ထိုသို့ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်သင်တန်းကျောင်းက ပြုပြင်ဆောင်ရွက်ပြီးဖြစ်၍ သို့မဟုတ် ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်၍ ပြန်လည်ဖွင့်ခွင့်ပေးပါရန် လျှောက်ထားလာပါက စိစစ်၍ ခွင့်ပြုပေးခြင်း၊

(င) သင်တန်းကျောင်းအလိုက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးနှုန်းများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့နှုန်းဖြင့် ခွင့်ပြုခြင်း၊

(စ) သင်တန်းသားမှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့နှုန်းဖြင့် ခွင့်ပြုခြင်း။

၃၆။ ကောင်စီသည် စာဖြေဌာနများ သတ်မှတ်ခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## စာရင်းကိုင်အလုပ်သင် လက်တွေ့ဆောင်ရွက်ခြင်း

၃၇။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ သင်ကြားလေ့ကျင့်ခြင်းတွင် စာရင်းလုပ်ငန်း လက်တွေ့လုပ်ကိုင်ရသည့် စာရင်းကိုင်အလုပ်သင်အစီအစဉ် ပါဝင်ရမည်။

၃၈။ ကောင်စီသည် ပြည့်မြောက်ရမည့် စာရင်းကိုင်အလုပ်သင်လုပ်သက်ကို သတ်မှတ်ရမည်။

၃၉။ ကောင်စီသည် စာရင်းကိုင်အလုပ်သင်အစီအစဉ်အတွက် အောက်ဖော်ပြပါအချက်များကို သတ်မှတ်ထုတ်ပြန်ရမည် -

(က) အလုပ်သင်ကြားပေးနိုင်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များနှင့် အလုပ်သင်ကြားပေးနိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ၊

(ခ) အလုပ်သင်စည်းကမ်းများ၊

(ဂ) အလုပ်သင်စာချုပ်ပုံစံ၊

(ဃ) သင်ကြားရန်လိုအပ်သည့် စာရင်းအလုပ်များ။

၄၀။ ကောင်စီက တာဝန်လွှဲအပ်သည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သည် စာရင်းကိုင်အလုပ်သင်ကြားမှုများကို အခါအားလျော်စွာ သွားရောက်စစ်ဆေးနိုင်သည်။

## အခန်း (၁၂)
## နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူ နိုင်ငံသားကို အသိအမှတ်ပြုခြင်း

၄၁။ နိုင်ငံအများက အသိအမှတ်ပြုထားသည့် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ်တစ်ခုခုကို ရရှိထားသူ နိုင်ငံသားအား လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီက အသိအမှတ်ပြုနိုင်သည်။ ကောင်စီက အသိအမှတ်ပြုသည့် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ် အမည်စာရင်းများကို ကောင်စီက ထုတ်ပြန်ကြေညာရမည်။

၄၂။ ကောင်စီသည် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူ နိုင်ငံသားကို အသိအမှတ်ပြုရေးအတွက် လျှောက်လွှာစိစစ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ လိုအပ်ပါက စာရင်းပညာလက်တွေ့သင်ယူစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၃။ ကောင်စီသည် -

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် လျှောက်ထားခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။

(ခ) အသိအမှတ်ပြုပြီးနောက် မမှန်ကန်သည့် အထောက်အထားဖြင့် လျှောက်လွှာတင်ပြခဲ့သည်ဟု တွေ့ရှိရလျှင် အသိအမှတ်ပြုထားခြင်းကို ပယ်ဖျက်သည့်အပြင် ထိုပုဂ္ဂိုလ်အား နာမည်ပျက် စာရင်းသွင်း မှတ်တမ်းတင်ရမည်။

၄၄။ ပုဒ်မ ၄၁ အရ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် ကောင်စီက အသိအမှတ်ပြုထားသူသည် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၃)
## စာရင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း

၄၅။ ကောင်စီသည် အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် စာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာလက်မှတ်ရဝန်ထမ်း ခန့်ထားမှုအခြေအနေများကို အစိုးရနှင့် ပုဂ္ဂလိကဌာနအဖွဲ့အစည်းအသီးသီးနှင့် နှစ်စဉ်ညှိနှိုင်းဆောင်ရွက်ရမည်။

၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူများသည် ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် သင်ကြားမှုစာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ သင်ကြားမှုစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၇။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူများသာ ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၈။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ ပုဂ္ဂိုလ်အလိုက်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့် လုပ်ငန်းနည်းစနစ်နှင့် အခြားလိုအပ်ချက်များကို လုပ်ငန်းအမျိုးအစားအလိုက် ကောင်စီက သတ်မှတ်နိုင်သည်။

၄၉။ ကောင်စီသည် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ၏လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေး သို့မဟုတ် သက်တမ်းတိုးကြေး ပေးသွင်းစေ၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်။

၅၀။ ကောင်စီသည် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို အမျိုးအစားများ ခွဲခြား သတ်မှတ်နိုင်သည်။ လုပ်ကိုင်ခွင့်လက်မှတ်အမျိုးအစားအလိုက် လိုက်နာရမည့်အချက်များနှင့် ဆောင်ရွက်ခွင့် မရှိသည့် လုပ်ငန်းများကို ကောင်စီက သတ်မှတ်ပေးရမည်။

၅၁။ စာရင်းလုပ်ငန်းလုပ်ကိုင်သူ အမျိုးအစားအလိုက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ဖွဲ့စည်းတည်ထောင်မှုများကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၂။ ကောင်စီသည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့အရ လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင် မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ကို ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များ ကိုက်ညီအောင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်။

## အခန်း (၁၄)

## နိုင်ငံခြားသားစာရင်းပညာရှင်အား စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း

၅၃။ အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်သည့် နိုင်ငံခြားသားစာရင်းပညာရှင်များသာ မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားခွင့်ရှိသည် -

(က) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရတို့ ချုပ်ဆိုသော စာချုပ်အရ ခွင့်ပြုနိုင်ခြင်း၊

(ခ) နိုင်ငံအချင်းချင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစာရင်းပညာအဖွဲ့အစည်းများ အပြန်အလှန် အသိအမှတ်ပြုခြင်း သဘောတူညီချက်များအရ ခွင့်ပြုနိုင်ခြင်း။

၅၄။ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားသည့် နိုင်ငံခြားသားစာရင်းပညာရှင်သည် အောက်တွင် ဖော်ပြသည့် အချက်များကို ပြည့်စုံခိုင်လုံသည့် အထောက်အထားဖြင့် ကနဦးတင်ပြရမည် -

(က) သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာရင်း ပညာရှင်လက်မှတ်နှင့် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ရရှိထားသူဖြစ်ခြင်း၊

(ခ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းက ကောင်စီတွင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသား လက်မှတ်ရပြည်သူ့စာရင်းကိုင်များကို အသိအမှတ်ပြုထားပြီးဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် အဆိုပါနိုင်ငံတွင် ယင်းနိုင်ငံသားများ နည်းတူ စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိခြင်း။

၅၅။ ကောင်စီသည် ပုဒ်မ ၅၄ အရ တင်ပြချက်များ မှန်ကန်မှု၊ ခိုင်လုံမှုမရှိဟု တွေ့ရှိရလျှင် အဆိုပါ လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

၅၆။ ပုဒ်မ ၅၄ အရ တင်ပြချက်များ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရလျှင် ထိုနိုင်ငံခြားသားစာရင်းပညာရှင် အား မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိရန် ကောင်စီသို့ အောက်ပါအထောက်အထား စာရွက်စာတမ်းများနှင့် တင်ပြလျှောက်ထားစေရမည် -

(က) မြန်မာနိုင်ငံပြည်ဝင်ခွင့်နှင့် နေထိုင်ခွင့်ပြုကြောင်း အထောက်အထားစာရွက်စာတမ်းများ၊

(ခ) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ၊

(ဂ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းက ထုတ်ပေးသည့် စာရင်းပညာ အောင်လက်မှတ်မူရင်းနှင့် မိတ္တူ၊

(ဃ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဌာနအဖွဲ့ အစည်းက ထုတ်ပေးသည့် အဆိုပါနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် မူရင်းနှင့် မိတ္တူ၊

(င) ကောင်စီက သတ်မှတ်သည့် အခြားစာရွက်စာတမ်းများ။

၅၇။ ပုဒ်မ ၅၆ အရ တင်ပြချက်များ ပြည့်စုံခိုင်လုံပါက အဆိုပါနိုင်ငံခြားသားစာရင်းပညာရှင်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် အသိအမှတ်ပြုရေးအတွက် ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက် စိစစ်ဆောင်ရွက်ရမည်။

၅၈။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် အသိအမှတ်ပြုခြင်းခံရသည့် နိုင်ငံခြားသားစာရင်း ပညာရှင်သည် သတ်မှတ်သည့် မှတ်ပုံတင်ကြေးပေးသွင်းလျက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၉။ ပုဒ်မ ၅၈ အရ မှတ်ပုံတင်ပြီးသည့် နိုင်ငံခြားသားစာရင်းပညာရှင်ကို စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် လျှောက်ထားစေလျက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုရမည်။

၆၀။ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်ခွင့်ရရှိသော နိုင်ငံတကာစာရင်းလုပ်ငန်းအဖွဲ့အစည်းများသည် စာရင်းလုပ်ငန်းကို ကောင်စီက သတ်မှတ်သည့် ဖွဲ့စည်းမှုပုံစံဖြင့်သာ ဆောင်ရွက်ရမည်။ စာရင်းလုပ်ငန်းကို ထိုဖွဲ့စည်းမှုပုံစံဖြင့် ဆောင်ရွက်ခွင့်ရရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၆၁။ ကောင်စီသည် ပုဒ်မ ၆၀ အရ လျှောက်ထားခြင်းကို စိစစ်၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းတိုးလျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးနိုင်သည်။

## အခန်း (၁၅)
## ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာသတ်မှတ်ချက်များ

၆၂။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို စာရင်းကာလ သို့မဟုတ် ဘဏ္ဍာရေးနှစ်အလိုက် သင့်တင့်လျောက်ပတ်စွာ သို့မဟုတ် အရှိအရင်းအတိုင်း ပြည့်စုံမှန်ကန်စွာ အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။ ထိုအတွက် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီက ချမှတ်ပြဋ္ဌာန်းသည့် စာရင်းကိုင်စံ၊ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ပြုစုထုတ်ပြန်ရန် စီမံဆောင်ရွက်ရမည်။

၆၃။ အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရမှုရှိသည့် ဘဏ္ဍာရေးရှင်းတမ်းများဖြင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စေရန် သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီးသည် အောက်တွင် ဖော်ပြသည့်အတိုင်း တာဝန်ခံဆောင်ရွက်ရမည် -

(က) စာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူများသာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုခု၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းအလိုက် လိုအပ်သည့် စာရင်းရှင်းတမ်းများ ပြုစုရေးဆွဲသူ၊ လက်မှတ်ရေးထိုး အတည်ပြုသူအဖြစ် တာဝန်ခံခြင်း၊

(ခ) လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုတင်ပြသူအဖြစ် တာဝန်ခံခြင်း၊

(ဂ) သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်အဖြစ် ဆောင်ရွက်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) သို့မဟုတ် အစိုးရစာရင်းစစ်သည် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြမှုအပေါ် ထင်မြင်ယူဆချက် ထုတ်ဖော်တင်ပြသူအဖြစ် တာဝန်ခံခြင်း။

၆၄။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီက ချမှတ်ထားသည့် ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ တင်ပြရေးအတွက် အောက်ဖော်ပြပါ လိုအပ်ချက်များကို လုပ်ငန်းအဖွဲ့အစည်း၏ သဘောသဘာဝ၊ အရွယ်အစား၊ အနေအထားတို့နှင့် ကိုက်ညီဆီလျော်အောင် စီမံဆောင်ရွက်ရမည် -

(က) စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းအတွက် လုံလောက်သည့် စာရင်းကျွမ်းကျင်သူ၊ စာရင်းပညာရှင် အင်အားဖြင့် ဖွဲ့စည်းတာဝန်ပေးရန်၊

(ခ) အဆိုပါစာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းတာဝန်များမှ သီးခြားကင်းလွတ်သည့် လွတ်လပ်သော ဌာနတွင်း စာရင်းစစ်ဆေးခြင်းအစီအမံကို ချမှတ်ဆောင်ရွက်ရန်။

၆၅။ ကောင်စီသည် ပုဒ်မ ၆၂ မှ ပုဒ်မ ၆၄ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူများအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းထံသို့ အကြောင်းကြားရမည်။

## အခန်း (၁၆)

## စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) များ၊ စာရင်းကိုင်အလုပ်သင်များ၏ တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့် ရပိုင်ခွင့်များ

၆၆။ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) များသည် အောက်ပါတာဝန်များ ရှိသည် -

(က) မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့် စာရင်းကိုင်စံများ၊ စာရင်းစစ်စံများကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) မိမိအား ကောင်စီက ပေးအပ်သည့် စာရင်းပညာဆိုင်ရာတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခြင်း။

၆၇။ စာရင်းကိုင်အလုပ်သင်များသည် အောက်ပါတာဝန်များ ရှိသည် -

(က) ကောင်စီက ချမှတ်ထားသော စာရင်းကိုင်အလုပ်သင်ဆိုင်ရာစည်းကမ်းများကို လိုက်နာရမည်။

(ခ) စာရင်းကိုင်အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စာရင်းကိုင်အလုပ်သင်ဆိုင်ရာ၊ အလုပ်ခွင်ဆိုင်ရာစည်းကမ်းများကို လိုက်နာရမည်။

၆၈။ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) များသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့်ကျင့်ဝတ်သိက္ခာများနှင့်မညီသည့် အောက်ပါအပြုအမူများအပြင် ကောင်စီက ထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာနှင့်မညီသည့် အပြုအမူများကို မပြုလုပ်ရ -

(က) မိမိ၏စာရင်းလုပ်ငန်းအတွက် အများသိရှိစေရန် ကြော်ငြာရာတွင် မိမိကိုယ်တိုင် တာဝန်ခံဆောင်ရွက်ပေးနိုင်သည်ထက် သို့မဟုတ် မိမိတွင်ရှိသော အရည်အချင်း သို့မဟုတ် အတွေ့အကြုံထက် ပိုမိုထုတ်ဖော်ခြင်း၊ အခြားစာရင်းလုပ်ငန်းလုပ်ကိုင်သူအား ထိခိုက်နစ်နာစေသည့် အချက်အလက်ဖြင့် မိမိလုပ်ငန်းကို ကြော်ငြာခြင်း၊

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင် အခြေတည်၍ လုပ်ခငွေတောင်းယူခြင်း၊

(ဂ) ကောင်စီက လိုအပ်၍ တောင်းဆိုသည့် စာရင်းများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို တင်ပြပေးရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိတစ်ဦးတည်းသာ သိရှိစေသော အကြောင်းအချက်များကို အလုပ်ရှင်၏ ခွင့်ပြုချက်မရဘဲ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မဟုတ်ဘဲ အခြားသူထံ ထုတ်ဖော်အသိပေးခြင်း၊

(င) မိမိအား ပေးအပ်သည့် စာရင်းပညာဆိုင်ရာအလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သော သတိပြုခြင်းမရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ) ပါ လုပ်ငန်းများကို စာရင်းလုပ်ငန်းလုပ်ကိုင်သူ မဟုတ်သူများနှင့် တွဲဖက်ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) ယခင်စာရင်းစစ်အဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ ထိုစာရင်းစစ်ရာထူးကို လက်ခံခြင်း သို့မဟုတ် အခြားသူတစ်ဦး ဆောင်ရွက်နေသည့် စာရင်းလုပ်ငန်းကို မိမိအတွက် တောင်းယူခြင်း၊

(ဇ) စာရင်းစစ်များ ခန့်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် သက်ဆိုင်ရာအခြားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်းမရှိသည့် ခန့်ထားမှုကို လက်ခံဆောင်ရွက်ခြင်း၊

(ဈ) ကုမ္ပဏီညွှန်းတမ်းတွင်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ပုံနှိပ်ထုတ်ဝေရန် အနာဂတ်အမြတ်ငွေကို ခန့်မှန်းတွက်ချက် အတည်ပြုပေးခြင်း သို့မဟုတ် တစ်နှစ်စီအတွက် အရှုံးအမြတ်များကို သီးခြားဖော်ပြခြင်းမပြုဘဲ တစ်နှစ်ထက်ပိုသောနှစ်များအတွက် ပျမ်းမျှအမြတ်ငွေရှင်းတမ်းများကို ပုံနှိပ်ထုတ်ဝေရန် အတည်ပြုပေးခြင်း၊ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ ရေးဆွဲတင်ပြရမည့်ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ၊

(ည) လုပ်ငန်းရှင်က ယုံမှတ်အပ်နှံထားသည့် ငွေကြေးများကို ကိုင်တွယ်ခန့်ခွဲရပါက ယင်းငွေကြေးများကို စနစ်တကျသုံးစွဲခန့်ခွဲကြောင်း သိသာပေါ်လွင်စေရေးအတွက် လိုအပ်သော စာရင်းမှတ်တမ်းများ၊ သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်ထိန်းသိမ်းရန် ပျက်ကွက်ခြင်း၊

(ဋ) လုပ်ငန်း၏ အမြတ် သို့မဟုတ် အရှုံးကို မမှန်မကန်ဖော်ပြခြင်း၊ ထိုသို့ဖော်ပြထားကြောင်း စစ်ဆေးတွေ့ရှိချက်ကို ထုတ်ဖော်တင်ပြရန် ပျက်ကွက်ခြင်း။

၆၉။ စာရင်းကိုင်အလုပ်သင်သည် စာရင်းပညာလုပ်ငန်းသင်ယူရာတွင် မိမိထိန်းသိမ်းရမည့် ကျင့်ဝတ်သိက္ခာများနှင့်မညီသော အောက်ပါအပြုအမူတို့ကို မပြုလုပ်ရ -

(က) လက်တွေ့အလုပ်သင်ဆင်းသည့်ကာလအတွင်း သက်ဆိုင်ရာအလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းက ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာဆောင်ရွက်မှုမရှိခြင်း၊

(ခ) လက်တွေ့အလုပ်သင်ဆင်းသည့်ကာလအတွင်း သက်ဆိုင်ရာအလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်း၏ စာရင်းများ၊ စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုများကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ အလွဲသုံးခြင်း၊ ခွင့်ပြုချက်မရရှိဘဲ မိတ္တူကူးယူခြင်း၊

(ဃ) မိမိလုပ်ကိုင်ခဲ့သော အလုပ်သင်လုပ်ငန်းနှင့်ပတ်သက်သည့် စာရင်းများ၊ သတင်းအချက်အလက်များကို ပြင်ပသို့ ပေါက်ကြားစေခြင်း။

၇၀။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ယင်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သင့်တင့်မျှတသောလုပ်ခကို တောင်းခံပိုင်ခွင့် ရှိသည်။

(ဂ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

၇၁။ စာရင်းကိုင်အလုပ်သင်သည် -

(က) အလုပ်သင်စာချုပ်ပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

(ခ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဂ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၁၇)

## စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) များ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း

၇၂။ ကောင်စီသည် ပုဒ်မ ၆၆ နှင့် ပုဒ်မ ၆၇ တို့တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် သို့မဟုတ် ပုဒ်မ ၆၈ နှင့် ပုဒ်မ ၆၉ တို့တွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသော စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) များ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများအား စုံစမ်းစစ်ဆေးရန် ကောင်စီဝင် အနည်းဆုံး ၂ ဦး ပါဝင်သော အဖွဲ့ဝင် ၅ ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၇၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ်အလို့ငှာ ကောင်စီဝင် ၅ ဦးဖြင့် ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြရမည်။

၇၄။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ခြင်း။

၇၅။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် တရားရုံးတစ်ခုခုက အကျင့်စာရိတ္တပျက်ပြားရာရောက်သည့် ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောပုဂ္ဂိုလ်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ပါ အရေးယူဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်။

၇၆။ (က) စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့် သို့မဟုတ် ပြန်လည်မှတ်ပုံတင်ခွင့်အတွက် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေ ပေးဆောင်စေပြီး စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့် သို့မဟုတ် ပြန်လည်မှတ်ပုံတင်ခွင့် ပြုနိုင်သည်။

## အခန်း (၁၈)

## အယူခံခြင်း

၇၇။ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပုဒ်မ ၇၄ သို့မဟုတ် ပုဒ်မ ၇၅ အရ ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၇၈။ ကောင်စီသည် ပုဒ်မ ၇၇ အရ တင်သွင်းသည့် အယူခံများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည် -

(က) ပြန်လည်စုံစမ်းစစ်ဆေးခြင်း၊

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) အတည်ပြုခြင်း။

၇၉။ ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၉)
## တားမြစ်ချက်များ

၈၀။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို မမှန်မကန်တင်ပြခြင်း၊ ထုတ်ပြန်ကြေညာခြင်း မပြုရ။

၈၁။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် စာရင်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြချက်ကို ထိခိုက်ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း၊ တာဝန်ခံဆောင်ရွက်သူများအပေါ် မလျော်သြဇာသုံး၍ စွက်ဖက်ညွှန်ကြားခြင်း မပြုရ။

၈၂။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပုဒ်မ ၆၈ ပါ ပြဋ္ဌာန်းချက်အပြင် ကောင်စီက ထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာနှင့် မညီသည့် အပြုအမူများကို မပြုလုပ်ရ။

၈၃။ မည်သူမျှ အများနှင့်ဆိုင်သော ကဏ္ဍစာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်မရှိဘဲ အောက်ပါစာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ -

(က) အများနှင့်ဆိုင်သော ကဏ္ဍစာရင်းလုပ်ငန်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများတွင် ဥပဒေအရ စစ်ဆေးရမည့် ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း။

၈၄။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူ သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကောင်စီထံ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၈၅။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မည်သည့်စာရင်းဖော်ပြချက်၊ ကြေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင်မဆို မဟုတ်မမှန်သည့်အချက်ကို သိလျက်နှင့် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ထောက်ခံလက်မှတ်ရေးထိုးခြင်း မပြုရ။

၈၆။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိလုပ်ငန်း၏ အစုဝင်ကသော်လည်းကောင်း၊ မိမိ၏ဝန်ထမ်းကသော်လည်းကောင်း ကြီးကြပ်ကွပ်ကဲ၍ ပြည့်စုံစွာစစ်ဆေးထားခြင်း မရှိသော လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း သို့မဟုတ် မည်သည့်စာရင်းဇယားကိုမျှ အတည်ပြုမပေးရ သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးခွင့် မပြုရ။

၈၇။ မည်သူမျှ ကောင်စီ၏ ခွင့်ပြုချက်မရဘဲ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် ကိုယ်ပိုင်သင်တန်းကျောင်း ဖွင့်လှစ်ခြင်း မပြုရ။

၈၈။ မည်သည့်စာရင်းလုပ်ငန်းလုပ်ကိုင်သူမျှ အကျိုးစီးပွားပါဝင်ပတ်သက်မှု၊ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု၊ ဆန့်ကျင်ဘက်ဖြစ်မှု၊ လွတ်လပ်မှုကို ထိခိုက်စေမှုဖြစ်စေသောလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၂၀)
## ပြစ်ဒဏ်များ

၈၉။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် ပုဒ်မ ၈၀ သို့မဟုတ် ပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၀။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၈၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို ပုဒ်မ ၈၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၂။ မည်သူမဆို ပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၉၃။ မည်သူမဆို ပုဒ်မ ၈၅ သို့မဟုတ် ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၄။ မည်သူမဆို ပုဒ်မ ၈၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၅။ မည်သူမဆို ပုဒ်မ ၈၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၁)
## အထွေထွေ

၉၆။ (က) ကောင်စီ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရသုံးမှန်းခြေငွေစာရင်းမှ ကျခံပြီး ရငွေများကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရသုံးမှန်းခြေငွေစာရင်းသို့ ပေးသွင်းရမည်။

(ခ) ကောင်စီ၏လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ထမ်းအင်အားဖွဲ့စည်းပုံကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၉၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ စာချုပ်စာတမ်းတစ်ခုခုတွင်သော်လည်းကောင်း၊ အမှတ်အသားတစ်ခုခုတွင်သော်လည်းကောင်း၊ မှတ်ပုံတင်စာရင်းကိုင်ဟု ရည်ညွှန်းထားလျှင် ထိုရည်ညွှန်းချက်သည် ဤဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

၉၈။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁/၉၄) အရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီသည် ဤဥပဒေအရ ကောင်စီ မဖွဲ့စည်းမီ ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၉၉။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် ရရှိထားသူများသည် လက်မှတ်သက်တမ်းပြည့်သည်အထိ လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။ လုပ်ငန်း လုပ်ကိုင်ခွင့်သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ ဤဥပဒေအရ စာရင်းလုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၁၀၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကောင်စီဝင်များ၊ ကောင်စီက ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များ၏ အဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက် )

**လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အထူးအဖွဲ့ခွဲ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်သည် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ (၁၁) ဖွဲ့ ဖွဲ့စည်း၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အလိုက် တာဝန်ခွဲဝေပေးပြီး ကော်မရှင်၏လုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိပါသည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွက် တာဝန်ယူရသော အဖွဲ့ခွဲ (၆) သည် ကချင်ပြည်နယ်သို့ သွားရောက်စုံစမ်းနိုင်ခြင်းမရှိသည့်အတွက် ကချင်ပြည်နယ်မှ သိမ်းဆည်းခံမြေယာကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းရေးကော်မရှင်အထူးအဖွဲ့ခွဲကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်သိန်းလင်း | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>တောင်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးသိန်းထွန်းဦး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>အမရပူရမဲဆန္ဒနယ် | အဖွဲ့ဝင် |

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

### လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ ပြည်သူ့လွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက် )

### ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးကိုကိုနိုင်၊ ဗိုလ်ချုပ် (ငြိမ်း) အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ကော်မတီတာဝန်များ ပြောင်းလဲပေးအပ်ခြင်း**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၈ ရက်မြောက်နေ့တွင် အောက်ဖော်ပြပါ ကော်မတီများ၏ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တာဝန်များ ပြောင်းလဲပေးအပ်လိုက်သည် -

| စဉ် | အမည် | မဲဆန္ဒနယ် | လက်ရှိတာဝန် | ပြောင်းလဲပေးအပ်သည့်တာဝန် |
|---|---|---|---|---|
| **အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ** | | | | |
| (၁) | ဦးဝင်းသန်း | သာပေါင်း | အဖွဲ့ဝင် | အတွင်းရေးမှူး |
| (၂) | ဦးသန်းမြင့် | ဆားလင်းကြီး | အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |
| **စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** | | | | |
| (၁) | ဒေါက်တာဝင်းမြင့် | လှိုင် | အဖွဲ့ဝင် | အတွင်းရေးမှူး |
| (၂) | ဦးဝင်းသန်း | သာပေါင်း | အတွင်းရေးမှူး | အဖွဲ့ဝင် |

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက် )

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ဝင်းရပ် (၁) အကွက်၊ စည်ပင်နောက်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၆) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ ရာထူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) နေရာ၌ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်ရုံးခွဲ) မှ ဦးစီးအရာရှိ ဦးညီညီဇော် အား လစာနှုန်းတူရာထူးဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေ လိုက်သည်။

လှထွန်း၊<br>ညွှန်ကြားရေးမှူးချုပ်၊<br>နိုင်ငံတော်သမ္မတရုံး။

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၅)

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၅ ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်ပါတပ်မတော်အရာရှိများအား ယှဉ်တွဲပါရာထူးနေရာများတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | | ရာထူး |
|---|---|---|---|
| (၁) | ဗိုလ်မှူး မင်းဇော်စိုး | ကြည်း ၃၃၄၀၆ | ဒုတိယညွှန်ကြားရေးမှူး |
| (၂) | ဗိုလ်ကြီး မိုးကျော် | ကြည်း ၂၇၆၄၉ | လက်ထောက်ညွှန်ကြားရေးမှူး |
| (၃) | ဗိုလ်ကြီး ကျော်ကျော်စိုး | ကြည်း ၃၄၉၂၆ | လက်ထောက်ညွှန်ကြားရေးမှူး |

(ပုံ) ကျော်စိုး၊<br>ညွှန်ကြားရေးမှူးချုပ်၊<br>ပြည်ထောင်စုလွှတ်တော်ရုံး။

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ရေတပ်ဌာနခွဲ)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

အမှတ်စဉ် ၁/၂၀၁၅ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော (၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | စိုးအောင် | ရေ | ၅၁၅၆ |
| (၂) | ရဲတင့် | ရေ | ၅၁၅၇ |
| (၃) | မြင့်လွင် | ရေ | ၅၁၅၈ |
| (၄) | အေးကြိုင် | ရေ | ၅၁၅၉ |
| (၅) | နေဝင်း | ရေ | ၅၁၆၀ |

**(ကြည်းတပ်ဌာနခွဲ)**

အမှတ် ၃/၂၀၁၅ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော (၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | ခင်ဌေး | ကြည်း | ၆၈၈၈၈ | ၃-၁၂-၂၀၁၄ |
| (၂) | ကျော်ရင် | ကြည်း | ၆၈၈၈၉ | ၁-၁-၂၀၁၅ |
| (၃) | ထန်ဒိတ်လန် | ကြည်း | ၆၈၈၉၀ | ၃-၁-၂၀၁၅ |

**(ကြည်းတပ်ဌာနစု)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

အမှတ် ၄/၂၀၁၅ ။ ။ အောက်ပါအတိုင်း အမည်ပြောင်းလဲခွင့်ပြုလိုက်သည် -

**တပ်မတော် (ကြည်း)**

မှ - ကြည်း ၅၃၃၄၂ ဗိုလ်ကြီး စိုးထိုက်အောင် အမှတ်(၂)စစ်လက်နက်ပစ္စည်းတပ်ရင်း

သို့ - ကြည်း ၅၃၃၄၂ ဗိုလ်ကြီး ကျော်ကျော်ဟိန်း

**(ကြည်းတပ်ဌာနခွဲ)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

အမှတ် ၇/၂၀၁၅။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

ကျော်ဆွေ ကြည်း ၆၈၈၉၁

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

အမှတ် ၁၁/၂၀၁၅။ ။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပြီး၊ (၄၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီအစည်းအဝေးမှလည်း အတည်ပြုပြီးဖြစ်သော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှအစပြု၍ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးတွင် မန်နေဂျာအဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

၁ ၅/မမတ(နိုင်)၀၄၈၄၆၆ ဒေါ်ဖြိုးသီရိဌေး

၂ ၈/ရနခ (နိုင်)၀၇၁၄၉၈ ဒေါ်သဲဝါ

၃ ၉/မထလ(နိုင်)၂၈၇၆၀၄ ဒေါ်အေးသင်ထွန်း

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

အမှတ် ၁၅/၂၀၁၅။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၈) ကြိမ်မြောက်ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူ ခွင့်ပြုချက်အရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

အောင်မိုး ကြည်း ၆၈၈၉၂

**(လေတပ်ဌာနခွဲ)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

အမှတ်စဉ် ၁/၂၀၁၅။ ။ အောက်ပါအရာခံဗိုလ်များအား တပ်မတော် (လေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (လေ)**

**အုပ်ချုပ်မှုဌာနခွဲ**

(၁) တင်မောင်ဝင်း လေ ၄၁၁၃

(၂) အုန်းငွေ လေ ၄၁၁၄

(၃) ဝင်းကြည် လေ ၄၁၁၅

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် )

အမှတ် ၄၈/၂၀၁၅။ ။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၈) တွင် တက်ရောက်သင်ကြားအောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

### တပ်မတော် (ကြည်း)

| | | | |
|---|---|---|---|
| (၁) | ဖြိုးမင်းဇော် | ကြည်း | ၆၈၉၀၃ |
| (၂) | ရှိုင်းထက်အောင် | ကြည်း | ၆၈၉၀၄ |
| (၃) | ဟိန်းဇော်ထက် | ကြည်း | ၆၈၉၀၅ |
| (၄) | ဟိန်းဇော်လတ် | ကြည်း | ၆၈၉၀၆ |
| (၅) | အောင်ကျော်မျိုး | ကြည်း | ၆၈၉၀၇ |
| (၆) | လှခိုင်စိုး | ကြည်း | ၆၈၉၀၈ |
| (၇) | ဖြိုးနန္ဒကျော် | ကြည်း | ၆၈၉၀၉ |
| (၈) | ရဲမင်းကျော် | ကြည်း | ၆၈၉၁၀ |
| (၉) | စိုးမိုးအောင် | ကြည်း | ၆၈၉၁၁ |
| (၁၀) | ချမ်းသာဦး | ကြည်း | ၆၈၉၁၂ |
| (၁၁) | ဝင့်ဖြိုးကျော် | ကြည်း | ၆၈၉၁၃ |
| (၁၂) | အောင်ကိုလတ် | ကြည်း | ၆၈၉၁၄ |
| (၁၃) | အောင်ကိုမင်း | ကြည်း | ၆၈၉၁၅ |
| (၁၄) | ပြည့်စုံသာ | ကြည်း | ၆၈၉၁၆ |
| (၁၅) | အောင်ရဲရင့် | ကြည်း | ၆၈၉၁၇ |
| (၁၆) | ရာဇာဦး | ကြည်း | ၆၈၉၁၈ |
| (၁၇) | ဝေစိုးသူ | ကြည်း | ၆၈၉၁၉ |
| (၁၈) | ပြည့်စုံ | ကြည်း | ၆၈၉၂၀ |
| (၁၉) | မျိုးဇော်ငြိမ်း | ကြည်း | ၆၈၉၂၁ |
| (၂၀) | ဖြိုးဝေကျော် | ကြည်း | ၆၈၉၂၂ |
| (၂၁) | ကျော်စိုးအောင် | ကြည်း | ၆၈၉၂၃ |
| (၂၂) | ဟိန်းသူအောင် | ကြည်း | ၆၈၉၂၄ |
| (၂၃) | ကျော်စွာဝင်း | ကြည်း | ၆၈၉၂၅ |
| (၂၄) | ကျော်စိုးလင်း | ကြည်း | ၆၈၉၂၆ |
| (၂၅) | အောင်ကိုကိုမောင် | ကြည်း | ၆၈၉၂၇ |
| (၂၆) | အောင်သူရ | ကြည်း | ၆၈၉၂၈ |
| (၂၇) | စောကပေါ်စေး | ကြည်း | ၆၈၉၂၉ |
| (၂၈) | ဝင်းဌေး | ကြည်း | ၆၈၉၃၀ |
| (၂၉) | မျိုးလွင် | ကြည်း | ၆၈၉၃၁ |
| (၃၀) | ရဲမာန်စိုး | ကြည်း | ၆၈၉၃၂ |
| (၃၁) | ဖွဲ့ပိုင်ဟိန်း | ကြည်း | ၆၈၉၃၃ |
| (၃၂) | နိုင်ဝင်းထွန်း | ကြည်း | ၆၈၉၃၄ |
| (၃၃) | ကျော်ဝင်းမောင် | ကြည်း | ၆၈၉၃၅ |
| (၃၄) | ချစ်ကိုကို | ကြည်း | ၆၈၉၃၆ |
| (၃၅) | ဝင်းမင်းစိုး | ကြည်း | ၆၈၉၃၇ |
| (၃၆) | ကျော်နိုင်ထွန်း | ကြည်း | ၆၈၉၃၈ |
| (၃၇) | အောင်ကျော်စိုး | ကြည်း | ၆၈၉၃၉ |
| (၃၈) | နိုင်နိုင်ထွန်း | ကြည်း | ၆၈၉၄၀ |
| (၃၉) | ဟိန်းသူ | ကြည်း | ၆၈၉၄၁ |
| (၄၀) | ကျော်ကိုလတ် | ကြည်း | ၆၈၉၄၂ |
| (၄၁) | ကြည်စိုးထွန်း | ကြည်း | ၆၈၉၄၃ |
| (၄၂) | သန့်ဇင် | ကြည်း | ၆၈၉၄၄ |
| (၄၃) | စိုင်းဇော်အေး | ကြည်း | ၆၈၉၄၅ |
| (၄၄) | ကျော်ဇင်လတ် | ကြည်း | ၆၈၉၄၆ |
| (၄၅) | ပိုင်သက်သွင် | ကြည်း | ၆၈၉၄၇ |
| (၄၆) | မျိုးမင်းဇော် | ကြည်း | ၆၈၉၄၈ |
| (၄၇) | ဇော်ဝင်းမောင် | ကြည်း | ၆၈၉၄၉ |
| (၄၈) | ဇင်မင်းထွန်း | ကြည်း | ၆၈၉၅၀ |
| (၄၉) | ရဲဇာနည် | ကြည်း | ၆၈၉၅၁ |
| (၅၀) | အောင်ကိုလတ် | ကြည်း | ၆၈၉၅၂ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ဆက်လက်ဖော်ပြပါမည်]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**ကူညီပံ့ပိုးပေးသူရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**(The Provider Trading Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ "ကူညီပံ့ပိုးပေးသူရောင်းဝယ်ရေးကုမ္ပဏီလီမိတက်" အား (၇-၇-၂၀၁၅) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု (B.Com Q , C.P.A)၊ အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၀-၈-၂၀၁၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မျိုးလွင်ဦး
မန်နေးဂျင်းဒါရိုက်တာ
ကူညီပံ့ပိုးပေးသူရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့(ကိုယ်စား)

ခင်စောယု
(B.Com Q, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ရာစုနှစ်ရွှေမြေခရမ်းကုမ္ပဏီလီမိတက်**
**(Century Golden Land Kayan Co., Ltd)**
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ရာစုနှစ်ရွှေမြေခရမ်းကုမ္ပဏီလီမိတက်** အား (၇-၇-၂၀၁၅) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု (B.Com Q , C.P.A)၊ အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၀-၈-၂၀၁၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အုန်းဆိုင်
မန်နေးဂျင်းဒါရိုက်တာ
ရာစုနှစ်ရွှေမြေခရမ်းကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့(ကိုယ်စား)

ခင်စောယု
(B.Com Q, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**လမ်းရှာဖြည့်ဆည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**
**(PATHFINDER SUPPLY TRADING CO.,LTD)**
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**လမ်းရှာဖြည့်ဆည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (PATHFINDER SUPPLY TRADING CO.,LTD)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ရက်နေ့ နံနက် (၁၀း၃၀) နာရီ အချိန်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ် (၅၁)၊ အခန်း (၁၀၂) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဒေါ်သန်းသန်းဆင့်
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာကုမ္ပဏီများ အက်ဥပဒေနှင့်**

**Top Integrated Accounting and Consultancy Services**

အလိုအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့် ကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၁၅ ခုနှစ်၊ မေလ (၂၇) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးစိန်ဝင်း Top Integrated Accounting and Consultancy Services အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၀-၈-၂၀၁၅) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ဒေါ်မာလာခင် | ဦးစိန်ဝင်း |
| Account Manager | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Ranbaxy Laboratories Limited | Top Integrated Accounting and Consultancy Services |

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၀၀/၁၀-၇-၂၀၁၅။